**မြဝတီ** နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

**ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၅၉)

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ ကြာသပတေးနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြား

# မွန်မြတ်သည့်စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံတစ်ဝန်း၌ မကြာခဏဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☐**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကိုလှည့်လည်ကြည့်ရှုစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၁၁ ရက်)

# ပျော်ရွှင်ဆင်နွှဲ မဟာသင်္ကြန်ပွဲ

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၅ ရက်မှ တန်ခူးလဆန်း ၈ ရက်အထိသည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့်မဟာသင်္ကြန်အခါတော်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဦးတန်ခူးလဆန်း ၉ ရက်သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်မှ ၂၁ ရက်အထိ သင်္ကြန်ကာလနှင့်ဆက်စပ်၍ ရုံးပိတ်ရက်များဖြစ်သည်။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသောမင်္ဂလာအမှုတို့ကိုပြုမြဲဖြစ်သည်။ ထို့ပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့်နံ့သာရည်များကို သပြေခက်ဖြင့်ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိသည်။ သင်္ကြန်ဆိုသည်မှာ ကူးပြောင်းခြင်းဟုအဓိပ္ပာယ်ရသည်။

သင်္ကြန်နှင့်ဆက်စပ်ပြီး ရွာသွန်းသောမိုးနှင့်ပတ်သက်၍ သင်္ကြန်မကျမီရွာသောမိုးကို **သင်္ကြန်ကြိုမိုး**၊ သင်္ကြန်ကျပြီးရွာသောမိုးကို **သင်္ကြန်လက်ဆေးမိုး**ဟုခေါ်ကြသည်။ အိမ်တိုင်းအိမ်တိုင်းတွင် သင်္ကြန်မကျမီ သင်္ကြန်ကိုကြိုဆိုသောအားဖြင့် အတာအိုးများဖြင့်ကြိုဆိုလေ့ရှိကြသည်။ အတာအိုးတွင် နေ့သင့်နံသင့် ပန်းများထည့်ကြရသည်။ သင်္ကြန်အတက်နေ့နှင့် မွေးနေ့တိုက်ဆိုင်လျှင် အတာစားသည်ဟုခေါ်ပြီး အတာစားသူမွေးနေ့ရှင်အတွက် ဘေးအန္တရာယ်ကင်းစေရန် ဆုတောင်းကြရသည်။ နှစ်ဟောင်းမှအညစ်အကြေးများကိုသင်္ကြန်ရေဖြင့်ဆေးကြောပစ်ပြီး နှစ်သစ်အဖြစ်စသော နှစ်ဆန်းတစ်ရက်နေ့မှာ အန္တရာယ်ကင်းပရိတ်ရွတ်ခြင်း၊ သက်ကြီးရွယ်အိုများကိုပြုစုကန်တော့ခြင်း၊ ငါးလွှတ်ပွဲ၊ နွားလွှတ်ပွဲများကျင်းပခြင်းစသည့် ကောင်းမှုများပြုလုပ်လေ့ရှိကြသည်။

"ကောင်းကင်မိုးလ၊ စိတ္တရနှင့်၊ မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွှတ်လျက်၊ ပွင့်ဝတ်ဝေဝေ၊ တောင်လေဖြူးဖြူး၊ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့်၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္မာကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မျှ၊ လည်လှည့်ဆူလှယ်၊ တင့်စံပယ်လျက်၊ မြူးရယ်ရွှင်အား၊ လွန်ပျော်ပါးသည်၊ စံကားထုံရည် ဖျန်းတည့်လေ၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေး"ဟူ၍ ဦးအောင်ကြီး၏အင်းဝမြို့ဘွဲ့ ၁၂ လရာသီလူးတားကဗျာတွင် သင်္ကြန်ပွဲတော်ကျင်းပပုံကိုတွေ့ရသည်။

မြန်မာမင်းများလက်ထက်တွင် သင်္ကြန်ပွဲတော်ကို အလေးအမြတ်ကျင်းပကြသည်။ ကြည်လင်သန့်ရှင်းသောရေတွင် စမ္မာကရမက် စသောအမွှေးနံ့သာများရောကာ ရွှေခွက်ဖြင့်ထည့်ပြီး တစ်ယောက်နှင့်တစ်ယောက် ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းကစားကြပုံကို ပြန်လည်မြင်ယောင်နိုင်သည်။ သီပေါမင်းလက်ထက် ထုတ်ပြန်သောသင်္ကြန်ပြောင်းအမိန့်တော်တွင် သင်္ကြန်ပြောင်းချိန်တွင် အမြောက်သံပေးရန်၊ ညနေပိုင်းတွင် နန်းတော်၊ လွှတ်တော်၊ ရုံးများ၊ တံခါးများ၊ ထောင့်ပြကြီးများတွင် သံဃာတော်ရှစ်ပါးစီ ပရိတ်တော်ရွတ်ရန်၊ နံနက်တွင်ဆွမ်းလှူဒါန်းရန်၊ ပုဏ္ဏားရှစ်ပါးက ပရိတ်ရေပက်ဖျန်းရန်၊ သာသနာတော်စောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကိုပူဇော်ရန် စသည့်အချက်များပါဝင်သည်။ သင်္ကြန်ကျချိန်ကိုသိရန် အဆန်မပါသော အမြောက်ပစ်၍အသံပေးရသည်ကို **အမြောက်သံပေးမြဲပေး**ဟုဖော်ပြသည်။ ထိုအမြောက်ကို **သင်္ကြန်အမြောက်**ဟုခေါ်သည်။

သင်္ကြန်ပြောင်းအမိန့်တော်တွင် "အခါသုံးရက်အတွင်း ပြည်သူတို့မှာ ထုံး၊ နန္ဒင်း၊ အိုးမဲမသုတ်မလိမ်း၊ မသန့်မပြန့်သည့် ရေများကို မဖျန်းပက်ကြစေနှင့်၊ အမွှေးအထုံရေကြည်ရေသန့်များနှင့် နံနက်ခင်း၊ ညနေခင်းကိုသာ ဖျန်းပက်ကြစေ" ဟုဖော်ပြပါရှိသည်မှာ သင်္ကြန်ပွဲတော်၏သိမ်မွေ့သောအသွင်သဏ္ဌာန်ကို ထင်ရှားပေါ်လွင်စေသည်။ သင်္ကြန်သည် မြန်မာတို့ယဉ်ကျေးမှုကိုဖော်ပြသော ပွဲတော်တစ်ခုလည်းဖြစ်ခဲ့သည်။ မြန်မာတို့၏ချစ်စရာဓလေ့ကို "ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်"ဟူ၍ အလှူဒါနနှင့်အပျော်အရွှင်တို့ကို မျှမျှတတဆောင်ရွက်ကြသည့် မြန်မာတို့၏သိမ်မွေ့လေးနက်သည့်စိတ်ဓာတ်ကို ဆရာဇော်ဂျီက တစ်ခုသောသင်္ကြန်ခါကဗျာတွင် ဖော်ကျူးထားသည်။

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင်နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ယဉ်ကျေးသိမ်မွေ့၍ ချစ်ခင်နှစ်သက်စရာကောင်းသော မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ကိုယ်စီအသိတရားဖြင့်ထိန်းသိမ်းရင်း မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ဖြူး၊ လူမှုရေး

# ဖြူးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ကျေးရွာရွေးချယ်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကျေးရွာရွေးချယ်ပွဲ အခမ်းအနားကို ဧပြီလ ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖြူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကျေးရွာရွေးချယ်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ဖြူးမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ကျေးရွာခုနစ်ရွာ၌ အကောင်အထည်ဖော်ခွင့်ရရှိကြောင်း၊ စီမံကိန်းကျေးရွာရွေးချယ်ရာတွင် သတ်မှတ်ထားသည့် ကျေးရွာရွေးချယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ရွေးချယ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာခုနစ်ရွာကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးကြောင်း၊ စီမံကိန်းကျေးရွာများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**

မိုးကောင်း၊ စိုက်ပျိုးရေး

# ဘောဂသိဒ္ဓိလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင်လယ်အား ကြည့်ရှုစစ်ဆေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာရှိ ဘောဂသိဒ္ဓိလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းပိုင်လယ်၌ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ခြံစည်းရိုးကာရံထားရှိခြင်း၊ ရေတွင်းတူးခြင်းနှင့်ဆီထွက်သီးနှံစိုက်ပျိုးထားရှိခြင်းတို့ကို ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကြည်လင်နှင့် တာဝန်ရှိသူများက ဧပြီလ ၁၀ ရက် နံနက်ပိုင်းတွင် ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းအနေဖြင့် အသင်းပိုင်လယ်ဧက ၁၀ ဒသမ ၄၂ ဧကတွင် ယခင်က မိုးစပါး ၅ ဧကသာလျှင် စိုက်ပျိုးနိုင်သဖြင့် သီးထပ်စိုက်ပျိုးနိုင်ရာတွင် တိရစ္ဆာန်များဝင်ရောက်မှုမရှိစေရန် ခြံစည်းရိုးကာရံထားရှိခြင်း၊ ရေတွင်းတူးခြင်းများဆောင်ရွက်ပြီး ယခုအခါ မြေပဲ ၅ ဧကနှင့် နေကြာ ၅ ဒသမ ၄၂ ဧက စိုက်ပျိုးထားရှိသည်။

၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအမီ စက်မှုလယ်ယာဦးစီးဌာနနှင့် ပေါင်းစပ်၍ လယ်ယာမြေစနစ်တကျ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး အသင်းပိုင်လယ်ဧကအားလုံး၌ အထွက်နှုန်းကောင်းစပါးတစ်မျိုးတည်းကိုသာ စနစ်တကျစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၁၁-၄-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song | ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၂။ | ၁၀း၀၁ | Internet Pages | | | |
| ၃။ | ၁၃း၃၅ | Music Quiz | ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကွပ်ကဲ)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် မေ ၁၀

# အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြုယိမ်းအဖွဲ့၏ ဝတ်စုံပြည့်ကပြဖျော်ဖြေခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်အားပေး





အလုပ်သမားဝန်ကြီးဌာန ကိုယ်စားပြုယိမ်းအဖွဲ့၏ ဝတ်စုံပြည့်ကပြဖျော်ဖြေခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် ဝန်ကြီးဌာနကိုယ်စားပြုယိမ်းအဖွဲ့အနေဖြင့် အောင်အောင်မြင်မြင်ဖျော်ဖြေနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ပံ့ပိုးမှုများဆောင်ရွက်ပေးထားပြီးဖြစ်၍ ယိမ်းအဖွဲ့ဝင်များက ဝန်ကြီးဌာန၏ဂုဏ်ကိုမြှင့်တင်သည့်အနေဖြင့် အထူးကြိုးစားကပြဖျော်ဖြေသွားကြရန်နှင့် ညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြုယိမ်းအဖွဲ့နှင့် အကနည်းပြဆရာမကို ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ယိမ်းအဖွဲ့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၀

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၄) ကျင်းပ



ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အားဖြည့်ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ဖွင့်လှစ်နိုင်ရေး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ် ထိန်းကျောင်းကြပ်မတ်လျက်ရှိပါကြောင်း၊ လိုင်စင်စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသော ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ သက်တမ်းရှိ သတ်မှတ်လိုင်စင်ရှိစေရေး၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းထားသူများမဖြစ်စေရေးတို့အတွက် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီများနှင့် ချိတ်ဆက်စိစစ်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်များ မှန်ကန်စွာအသုံးချနိုင်ရေးအတွက် မူဝါဒများချမှတ်ပေးလျက်ရှိပါကြောင်း။

လိုအပ်သော အထူးကုသမှုများအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှလည်း ပူးပေါင်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မရှိမဖြစ်ဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေး၊ ဆေးဝါးများဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကဆေးရုံ ၂၈၇ ခု၊ သားဖွားခန်း ၄၁ ခု၊ အထူးဓာတ်ခွဲ ၇၅ ခု၊ အထူးဓာတ်မှန် ၁၈ ခု၊ သူနာပြုစုရေးဂေဟာလေးခု၊ နယ်လှည့်ကျန်းမာရေးလုပ်ငန်းရှစ်ခု၊ ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း ၁၉ ခု၊ အထွေထွေကျန်းမာရေးလုပ်ငန်း ၁၉ ခု ခွင့်ပြုပေးခဲ့ပြီး မြေပြင်တွင်လုပ်ငန်းလိုင်စင်မရှိသောလုပ်ငန်းများ လိုင်စင်လျှောက်ထားစေရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ လိုင်စင်စည်းကမ်းများကိုလိုက်နာမှုမရှိ၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူထားသောလုပ်ငန်းပေါင်း ၃၁ ခု၊ အမှုရေးဖွင့်သောလုပ်ငန်းပေါင်း ခြောက်ခုရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် ကောင်းမွန်သောအကြံပြုချက်များပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှုနှင့် အထူးကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာမိုးခိုင်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်(အသစ်)လျှောက်ထားလာသည့်ကိစ္စရပ်များကိုလည်းကောင်း တင်ပြကြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၀

# China Foundation for Peace and Development (CFPD) နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းတို့မှ ဆောင်ရွက်သည့် "Silk Road People to People Connectivity Care for the Future" လှူဒါန်းမှုအစီအစဉ်အခမ်းအနားကျင်းပ

China Foundation for Peace and Development (CFPD) နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းတို့မှဆောင်ရွက်သည့် "Silk Road People to People Connectivity Care for the Future" လှူဒါန်းမှုအစီအစဉ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းရှိ ခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ တရုတ်နိုင်ငံသံရုံးမှတာဝန်ရှိသူများ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ China Foundation for Peace and Development (CFPD) အဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက China Foundation for Peace and Development (CFPD) အဖွဲ့သည် တရုတ်-မြန်မာချစ်ကြည်ရေးယဉ်ကျေးမှုနှင့်ပညာရေးဖလှယ်ရေးလုပ်ငန်းများစီမံကိန်းအတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိကျောင်းသား၊ ကျောင်းသူ ၂၀၀၀ ကို တရုတ်ယဉ်ကျေးမှုထုတ်ကုန် အစု ၅၀၀၊ စာအုပ်တွဲ ၁၀၀ နှင့် ပေါက်ဖော်လစဉ်စာအုပ်အတွဲ ၃၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅ သိန်းလှူဒါန်းခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများအတွက် အားကစားပစ္စည်းများနှင့် စာရေးကိရိယာပစ္စည်းများလှူဒါန်းပေးသည့်အတွက် အခြေခံပညာဦးစီးဌာနကိုယ်စားအထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ လှူဒါန်းသည့်ပစ္စည်းများသည် ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအတွက် ဖွံ့ဖြိုးရေးဗလငါးတန်ဖြစ်သည့် ကာယဗလနှင့် လွန်စွာကိုက်ညီပါကြောင်း၊ ကျောင်းသားလူငယ်များ တန်ဖိုးရှိစွာသုံးစွဲနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် China Foundation for Peace and Development (CFPD) မြန်မာနိုင်ငံကိုယ်စားလှယ် Mr. Wang Lei က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ Senior President မြန်မာနိုင်ငံဝူရှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ(ခ) Mr.Li BoBo က အသင်းအား မိတ်ဆက်ပေး၍ နေပြည်တော်ရှိ စာသင်ကျောင်းငါးကျောင်းသို့ အားကစားပစ္စည်းများနှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းများကို လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။




ဆက်လက်၍ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာသင်ကျောင်းငါးကျောင်း၏ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စမ်းမြောက်စကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

အောင်သည် ရှိုက်သံတစ်ချက်နှင့် စာအုပ်ကို လက်ကမလွှတ်ဘဲ အတင်းဆုပ်ကိုင်လျက် စာအုပ်ကို မျက်နှာရှေ့တွင် ဖွတ်အတင်းကပ်ကာ ထောင်ထားလေသည်။

အောင့်လက်တွေမှာ တုန်နေကာ ကိုယ်မှာလှုပ်နေသည်။

"အောင်. . . အောင်လေး"

"ဩော်. . . အောင် အောင်လေး"

ကိုလတ်ကညည်းကာ အောင့်နားတိုးထိုင်ကာ. . .

"ဒီမှာအောင်၊ ဘာလို့ ဒီလောက် စိတ်ထိခိုက်နေရတာလဲ၊ ဘာဝမ်းနည်းစရာရှိလို့လဲအောင်ရယ်"

သည်တော့ အောင်သည် စာအုပ်နှင့် ကိုလတ်၏ လက်မောင်းကိုရိုက်ကာ. . .

"ကိုလတ် မတရားဘူး၊ ကိုလတ် ကျွန်တော့်ကို အနိုင်ကျင့်တယ်၊ သက်သက်မဲ့ အနိုင်ကျင့်တယ်"

ကလေးပမာ ငိုလေသည်။ ကိုလတ်သည် ခပ်သဲ့သဲ့ရယ်လျက် အောင့်လက်ကို ဆုပ်ကိုင်လျက်. . .

"မဟုတ်ပါဘူး အောင်ရဲ့"

"ဘာမဟုတ်ပါဘူးလဲ"

အောင်က ရန်ထောင်လေသည်။

"ကိုယ် အောင့်ကို စကားတွေအများကြီးပဲပြောချင်လို့ တမင်ဖက်လိုက်တာ၊ ကိုယ် အောင့်ကိုချစ်နေတာကို အောင်နည်းနည်းမှ မရိပ်မိဘူးလား"

"ဘယ်ရိပ်မိမလဲ ဒါလောက်လည်တာ"

အောင်က ကလေးလိုပြောရင်း မျက်ရည်တွေကျလာပြန်သည်။

"ဩော်. . . လက်စသတ်တော့ အောင်ဆိုတာ မျက်ရည်ထုတ်လုပ်တဲ့စက်ပဲ"

"သွား"

အောင်သည် ယောကျ်ားလေးတစ်ယောက်ပမာ ကိုလတ်၏လက်မောင်းကို လက်သီးဖြင့်ထိုးလိုက်သည်။

ကိုလတ်က တသောသောရယ်မောလျက် အောင့်လက်ကို လှမ်းဆွဲကာ အောင့်ကိုယ်လုံးလေးကို ဖက်လိုက်ပြီး အောင့်ပါးပြင်ကို နမ်းလိုက်သည်။

အောင်သည် ကိုလတ်ကို အသာတွန်းကာ ထိုင်နေရာမှ ကပျာကယာမတ်တတ်ရပ်လိုက်လေသည်။

ကိုလတ်သည် အောင့်ကို အသာတကြည်လွှတ်လိုက်ကာ မျက်နှာကို တည်တည်ငြိမ်ငြိမ်လှမ်းမော့ကြည့်လိုက်ပြီး. . .

"အောင့်စိတ်ကိုတော့ ကိုယ်သိနေတာကြာပြီ"

အောင်သည် မတ်တတ်ရပ်လျက်က ငြိမ်နေကာ မျက်လုံးများက ကြမ်းပြင်ကို စိုက်ကြည့်နေသည်။

ထို့နောက် သူ့ဘာသာသူ ကြားရုံတီးတိုးလေသံနှင့်. . .

"ဘယ်. . . ဘယ်တုံးကလဲ"

"အောင်သည် ယောကျ်ားလေးတစ်ယောက်ပမာ ကိုလတ်၏လက်မောင်းကို လက်သီးဖြင့် ထိုးလိုက်သည်။

ကိုလတ်က တသောသောရယ်မောလျက် အောင့်လက်ကိုလှမ်းဆွဲကာ အောင့်ကိုယ်လုံးလေးကိုဖက်လိုက်ပြီး အောင့်ပါးပြင်ကို နမ်းလိုက်သည်။

အောင်သည် ကိုလတ်ကို အသာတွန်းကာ ထိုင်နေရာမှ ကပျာကယာမတ်တတ်ရပ်လိုက်လေသည်။

ကိုလတ်သည် အောင့်ကို အသာတကြည်လွှတ်လိုက်ကာ မျက်နှာကို တည်တည်ငြိမ်ငြိမ် လှမ်းမော့ကြည့်လိုက်ပြီး. . .

အောင့်စိတ်ကိုတော့ ကိုယ်သိနေတာကြာပြီ. . ."

စကားပြောရင်း အသံကလည်း တုန်နေသဖြင့် အောင့်စကားတွေသည် ဗလုံးဗထွေးဖြစ်သွားသဖြင့် ကိုလတ်သည် နားအာရုံကို အတော်စိုက်ကာ နားထောင်ရလေသည်။

"နယုန်လပြည့်နေ့ညမတိုင်ခင် သုံးလေးလလောက်ကတည်းကဆိုပါတော့ အောင်ရယ်"

အောင်က ဘာမှပြန်မပြော၊ ကျောက်ရုပ်လေးတစ်ရုပ်လို ငြိမ်သက်လျက်ရပ်နေသည်။

ကိုယ်၊ လက်၊ ခြေ နည်းနည်းမှလှုပ်ရှားခြင်းမရှိ၊ အသက်တောင်မှ ရှူပါလေစဟု အောက်မေ့ရသည်။

**အခန်း(၂၇)**

ကိုလတ်က အောင့်ကို ငေးကြည့်နေရာမှပြုံးလျက် . . .

"အောင်ဆိုတာ သူ့မျက်လုံးတွေက သူ့ရဲ့အတွင်းစိတ်ကို ဖုံးကွယ်ထားနိုင်တဲ့ မိန်းကလေးမှ မဟုတ်တာ၊ ကိုယ်သိနိုင်တာပေါ့"

"တစ်ခုပါပဲ၊ ကိုယ်မေးချင်တယ်၊ ဘယ်တုံးက ဒီသဘောထားမျိုးဖြစ်ခဲ့သလဲဆိုတာတော့ သေသေချာချာသိချင်တယ်၊ အဲဒါဖြေနိုင်မှာပါနော်"

ကိုလတ်သည် တပည့်လေးတစ်ယောက်ယောက်ကို မေးသလို မေးလိုက်လေသည်။

"ချစ်" ဆိုသော အနေခက်စေမည့်စကားလုံးတစ်လုံးမှ မပါသဖြင့် ကိုလတ်ကို ကျေးဇူးတင်ရသေးသည်။

ကိုလတ်က သိပ်ပါးတာ တစ်ဖက်လူစိတ်သက်သာအောင် နေတတ်ပြောတတ်တယ်၊ စိတ်ထဲတွေးရင်း. . .

"ဦးချစ်ဆိုင်မှာ စပြီးစားကြတဲ့နေ့က"

"အဲဒီကတည်းကလား"

ကိုလတ်က ထပ်တလဲလဲကြားချင်လို့လား၊ စကားစရှာတာလားမသိ၊ ထပ်ဆင့်မေးလိုက်လေသည်။

အောင်က နှုတ်မှမဖြေ၊ ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်ရင်း မျက်နှာနှင့်နားရွက်တွေမှာ နီမြန်းနေသည်။

"သေချာလို့လား"

"သေချာပါတယ်"

ကိုလတ်၏မျက်နှာက တည်နေတော့ နောက်ပြီးပြောလိမ့်မည်မထင်။

လွှတ်ခနဲဖြေပြီးမှ ကိုလတ်က သူ့ထုံးစံအတိုင်း အောင့်ကို အငိုက်ဖမ်းကာ နောက်လိုက်မှန်း အဖြေပေးပြီးမှ ပြန်စဉ်းစားမိသည်။

"ကိုလတ်" ဟု လှမ်းအော်ကာ ရှက်ရှက်နှင့် ရယ်မောရင်း ကုလားထိုင်ပေါ် အမှုမဲ့ထိုင်ချလိုက်ရာ အယောင်ယောင်အမှားမှားနှင့် ကုလားထိုင်ပေါ်မထိုင်မိဘဲ ကြမ်းပြင်ပေါ်သို့ နေရာလွဲထိုင်မိလျက် လိမ့်ကျသွားလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

**ပန်းတနော်၊ စိုက်ပျိုးစီးပွား**

## ပန်းတနော်မြို့နယ်မှ ဒေသထွက်ဖရဲသီးများ ရန်ကုန်ဈေးကွက်သို့ အများအပြားတင်ပို့ရောင်းချနေ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ဒေသထွက်ဖရဲသီးများ ရန်ကုန်ဈေးကွက်သို့ အများအပြားတင်ပို့ရောင်းချနေရကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုစုလှိုင်၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှထွက်ရှိသော ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလက ဖရဲသီးအလုံးရေ ၂၃၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ဖရဲသီးအလုံးရေ ၃၅၀၀၀၀ အထိ တင်ပို့ရောင်းချရကြောင်း၊ ပန်းတနော်မြို့နယ်မှထွက်ရှိသည့် ဖရဲသီးများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဖရဲသီးတင်ပို့မှုက တစ်လနဲ့တစ်လမတူသလို တစ်ရက်နဲ့တစ်ရက်လည်း မတူပါဘူး။ ပိုပြီးတော့ တင်ပို့ရောင်းချလာရပါတယ်။ လက်ရှိ ဒေသထွက်ဖရဲသီးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတယ်။ ဒါကလည်း ရန်ကုန်ဈေးကွက်ကို တခြားဒေသတွေက ဖရဲသီးတွေ အဝင်နည်းနေတာကြောင့်လို့ သိရပါတယ်။ ကုန်သည်တွေကတော့ ဒီနှစ်ရာသီကုန်ချိန်အထိ ဖရဲသီးဈေးကောင်းရလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်"ဟု ဒေါ်စုစုလှိုင်ကပြောသည်။

ပန်းတနော်မြို့နယ်၌ ဖရဲသီးကို မြေနုကျွန်းရှိသည့် ကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှ ဒေသခံတောင်သူ ၁၀၄ ဦးက တစ်ဦးလျှင် တစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးထားကြောင်း၊ လက်ရှိ ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ မှ ၉၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။

**သုတကျော်**

---

**ရန်ကုန်၊ ကျေးလက်ဖွံ့ဖြိုးရေး**

## ဆင်ခြံကျေးရွာအုပ်စု မွတ်သားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးပေး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ဆင်ခြံကျေးရွာအုပ်စု မွတ်သားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ဧပြီလ ၉ ရက်က ထုတ်ချေးပေးသည်။

ရှေးဦးစွာ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာရွှေက မွတ်သားကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီထံ ရန်ပုံငွေ ငွေကျပ် ၃၇၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက မွတ်သားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၇၃ သိန်းအား တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**ချမ်းမြေ**

# မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့ရေးဆိုင်ရာကိစ္စရပ်များနှင့် တိုက်ရိုက်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များဆွေးနွေး

⏭ ကျောဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တို့ တက်ရောက်ကြပြီး ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။


ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့ရေးဆိုင်ရာကိစ္စရပ်များနှင့် တိုက်ရိုက်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့်ပတ်သက်၍ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်လေကြောင်းပျံသန်းရေးဆိုင်ရာကိစ္စရပ်များ၊ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တွင်းထွက်သယံဇာတပစ္စည်းများအား အဆင့်မီကုန်ချောများအဖြစ် ထုတ်လုပ်နိုင်သည့်အခြေအနေများ၊ အထည်အလိပ်လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်းသတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV တို့အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၁၀

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့ပူးပေါင်းစီစဉ်၍ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများဖြစ်သော ဆူးလေဆိပ်ကမ်း၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal-TMT)၊ မြန်မာစက်မှုဆိပ်ကမ်း-၂ (MIP2)၊ မင်းထက်မင်း (MHM) ဆိပ်ကမ်းနှင့် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း- ၃ (AIPT3) တို့မှ သင်္ဘောငါးစင်းဖြင့် ပြောင်းဖူးစေ့တန်ချိန် ၇၄၅၀၀ တန်ကို တင်ပို့ခဲ့သည်။

အလားတူ အေးရှားဝေါလ်ဆိပ်ကမ်းမှ ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို တင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် ဧပြီလ ၁၃ ရက်က မင်းထက်မင်းဆိပ်ကမ်း (MHM) မှ သင်္ဘောနှစ်စင်းဖြင့် ပြောင်းဖူးစေ့တန်ချိန် ၅၄၀၀ တန်နှင့် ဧပြီလ ၁၅ ရက်တွင်လည်း Yangon International Gateway Terminal - YIGT ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀ တန်တို့ကို ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။



(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၀

# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

နှစ်ပတ်လည်နေ့အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆုရရှိသူများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ "ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရမည် ဝန်ကြီးရုံးရဲ့စွမ်းဆောင်ရည်"မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏မူလတာဝန်များအပြင် ရုပ်ရှင်၊ ဂီတ၊ စာပေနှင့် သက်ဆိုင်သည့်ကဏ္ဍများ တိုးတက်ရေးအပါအဝင် နိုင်ငံတော်နှင့်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စံပြဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

သက်ဆိုင်သည့် ကဏ္ဍတိုင်းတွင် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဝန်ကြီးရုံးသည် ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟူသည့် ဌာနကြီးငါးခုကို ထိန်းညှိကွပ်ကဲပြီး အထက်ဌာနနှင့် ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးရုံးသည် ဝန်ကြီးဌာနပုံရိပ်ကောင်းမွန်အောင် ရှေ့မှဦးဆောင်တာဝန်ထမ်းဆောင်နေရသည့်အတွက် ဝန်ကြီးရုံးဝန်ထမ်းများသည် အရည်အသွေးထူးချွန်ထက်မြက်ပြီး အမှားအယွင်းမရှိ၊ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းနေရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနလုပ်ငန်းများကို မှန်မှန်ကန်ကန် အောင်အောင်မြင်မြင် ဖြစ်စေရန်အတွက် Check , Recheck, Counter Check ဖြင့် စိစစ်ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းများစနစ်ကျစေရန်၊ လုံခြုံမှုရှိစေရန် အမြဲဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်မီဒီယာဖြစ်သည့် အားလျော်စွာ မီဒီယာကဏ္ဍအတွက် အားမာန်အပြည့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မီဒီယာအနေဖြင့် ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များတွင် တချို့သူများ၏ အစွန်းရောက်တွေးခေါ်လုပ်ဆောင်နေမှုများကို ပြည်သူများ အမှန်အတိုင်းနားလည်သိရှိစေရေး၊ ပြည်သူများ စိတ်ဓာတ်ပြိုကွဲစေရန် ရည်ရွယ်သည့် သတင်းတု၊ သတင်းမှားများကို တုံ့ပြန်ဆောင်ရွက်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက် ပို၍ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ယုံကြည်မှုရှိရှိဖြင့် ရှေ့ဆက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မိမိတို့ သိရှိသည်များကို မိမိတို့မိသားစု၊ ပတ်ဝန်းကျင်တွင် အသိပညာများ မျှဝေပေးကြရန်နှင့် ကောလာဟလများနှင့် သတင်းတု၊ သတင်းမှားများကြောင့် စိုးရိမ်ပူပန်မှုမရှိစေရေး ဆွေးနွေးအသိပေးကြရန် ဖြည့်စွက်မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်အနည်းဆုံးဖြစ်စေရန် ဆက်လက်ကြိုးပမ်းကြစေလိုပါကြောင်း၊ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရင်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ပါက ပိုမိုတိုးတက်သည့်ဌာနတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဝန်ကြီးရုံးသည် ဝန်ကြီးဌာနအောက်ရှိလုပ်ငန်းများကို စုစည်းဆောင်ရွက်ပေးရသည့် ဌာနတစ်ခုဖြစ်သည့်အတွက် လုပ်ဆောင်ရသည့်လုပ်ငန်းများ များပြားပါကြောင်း၊ များပြားလှသည့် တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စံပြဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးခင်မောင်ထူးနှင့် ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီခိုင်တို့ကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဝန်ထမ်းများအတွက် တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဌာနခွဲများအလိုက် ထူးချွန်ဆုရရှိကြသည့် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်စုသန္တာ၊ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မြတ်မွန်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဦးရန်နိုင်ထွန်း၊ ဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးဝေလင်းအောင်၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်သန်းမြင့်နှင့် e-Government ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်မြတ်မိုး တို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက Basic Networking Course သင်တန်းတွင် ဒုတိယဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးခင်မောင်ထူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၆၇) (သေနတ်ပစ်ထူးချွန်ဆု)ရရှိသည့် ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့သင်းနှင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကြီးမှူးကျင်းပသော မှတ်မိစွဲထင် တရုတ်ခရီးစဉ် ဆောင်းပါးဓာတ်ပုံပြိုင်ပွဲနှင့် ဗီဒီယိုအတိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ချစ်ကြည်ဖြူတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများကို ငွေသားကံစမ်းမဲများဖောက်ပေးပြီး ထူးချွန်ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**




ဒုတိယဝန်ကြီး ဦးရဲတင့် ဌာနခွဲများအလိုက် ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

ရန်ကုန် ဧပြီ ၁၀

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ စတုတ္ထအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘဏ္ဍာတော်ထိန်းဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက စတုတ္ထအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံမွှာရုံ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးစိန်သန်းက သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဝမ်းသာပီတိစကားပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်မှ ဒေါက်တာသန္တာက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံးဝန်ထမ်းများနှင့်ဘုရားဖူးလာသွေးအလှူရှင်ပြည်သူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်မှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ဆက်လက်ပြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ သွေးအလှူရှင်များက သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့သွေးလှူဒါန်းကြသည့်သွေးအလှူရှင်များကို စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ တီရှပ်အင်္ကျီများ၊ အလှူရှင်များက အအေး၊ ကြက်ဥ၊ ၄က်ပျောသီး၊ နွားနို့ စသည့်အာဟာရအစားအစာများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်မှ သံဓာတ်အားဆေး စသည်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်မင်းလတ်(သတင်းစဉ်)**

## "မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် (၅)ရက်နေ့မှ (၈)ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

(၁) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့်ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(၂) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။


(၃) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။


(၄) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(၅) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၆) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့.**




| ထူးခြားသည့်နေ့အပူချိန်များ | |
| --- | --- |
| ချောက် | ၄၆ °C |
| မင်းဘူး | ၄၄ °C |
| မကွေး | ၄၄ °C |
| အောင်လံ | ၄၄ °C |
| တောင်တွင်းကြီး | ၄၄ °C |
| ဆင်ဖြူကျွန်း | ၄၄ °C |
| မြင်းမူ | ၄၃ °C |
| မိတ္ထီလာ | ၄၃ °C |
| မြင်းခြံ | ၄၃ °C |
| ညောင်ဦး | ၄၃ °C |
| သာစည်(လှိုင်းတက်) | ၄၃ °C |
| ကျောက်ဆည်(လွန်ကျော်) | ၄၃ °C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၃ °C |
| ပခုက္ကူ | ၄၃ °C |
| ပြည် | ၄၃ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
| --- | --- | --- |
| ကချင် | ၁၉ | ၃၅ |
| ရှမ်း(မြောက်) | ၁၇ | ၃၈ |
| ရှမ်း(အရှေ့) | ၁၇ | ၃၉ |
| ရှမ်း(တောင်) | ၁၇ | ၃၂ |
| ချင်း | ၁၄ | ၃၀ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၈ |
| စစ်ကိုင်း(အောက်) | ၂၃ | ၄၀ |
| နေပြည်တော် | ၂၈ | ၄၂ |
| မန္တလေး | ၂၅ | ၄၂ |
| မကွေး | ၂၃ | ၄၄ |
| ရခိုင် | ၂၂ | ၃၈ |
| ပဲခူး | ၂၅ | ၄၀ |
| ရန်ကုန် | ၂၄ | ၄၀ |
| ဧရာဝတီ | ၂၄ | ၄၀ |
| ကယား | ၂၀ | ၃၉ |
| ကရင် | ၂၆ | ၄၀ |
| မွန် | ၂၆ | ၃၉ |
| တနင်္သာရီ | ၂၃ | ၃၉ |

နေပြည်တော် ဧပြီ ၁၀

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပမှုများ MRTV မှ တိုက်ရိုက်(Live) ထုတ်လွှင့်တင်ဆက်မည်

မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်မှ ၁၆ ရက်ထိ ကျင်းပမည့် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများပျော်ရွှင်စွာဆင်နွဲကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးတင်ဆက်မည်ဖြစ်ရာ ထိုသို့တင်ဆက်မှုများအနက်မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တို့တွင် ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

ထိုကဲ့သို့ထုတ်လွှင့်ရာတွင် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Parliament Channel မှလည်းကောင်း၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV NRC Channel မှလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ဖျော်ဖြေတင်ဆက်မှုများကို MRTV Farmers' Channel မှလည်းကောင်း၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ဖျော်ဖြေတင်ဆက်မှုများကို MRTV Sports Channel မှလည်းကောင်း သင်္ကြန်အကြိုနေ့ ဧပြီလ ၁၃ ရက်၊ သင်္ကြန်အကျနေ့ ဧပြီလ ၁၄ ရက်၊ သင်္ကြန်အကြတ်နေ့ ဧပြီလ ၁၅ ရက်နှင့် သင်္ကြန်အတက်နေ့ ဧပြီလ ၁၆ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၃ နာရီမှ ည ၇ နာရီအထိ စီစဉ်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါနေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်များနှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန်တို့မှ ဖျော်ဖြေတင်ဆက်မှုများကို ထုတ်နုတ်စုစည်း၍ MRTV-HD Channel တွင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေ့စဉ် မွန်းလွဲ ၂ နာရီခန့်နှင့် ညစဉ် ည ၉ နာရီခွဲခန့်တို့တွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။ **(MRTV)**

နေပြည်တော်  ဧပြီ  ၁၀

# နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ နေပြည်တော်သို့ရောက်ရှိ

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အခါသမယတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦးပါဝင်သည့် ပထမအဖွဲ့သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ရောက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ သီးသန့်မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရွှေဧည့်သည်ဟိုတယ်သို့ ရောက်ရှိကြသည်။



အဆိုပါကိုရီးယားအနုပညာရှင်များအဖွဲ့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သင်္ကြန်ယိမ်းအဖွဲ့များက အတာရေပက်ဖျန်း၍ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး ယင်းအဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

ထို့နောက် Conference Room တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများနှင့် ကိုရီးယား K-pop အနုပညာရှင်များသည် ဧပြီလ ၁၂ ရက် ညပိုင်းတွင် MRTV HD Channel မှ ရိုက်ကူးထုတ်လွှင့်မည့် နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲ Friday Night Live Show ၌ ပူးပေါင်းပါဝင်ဖျော်ဖြေနိုင်ရန်နှင့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ကိုရီးယား K-pop အဆို၊ အကများဖြင့် တင်ဆက်နိုင်ရန်တို့အတွက် အသေးစိတ်ဆွေးနွေးကြသည်။

အဆိုပါ ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦးပါ ပထမအဖွဲ့တွင် ရုပ်ရှင်/ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာ ရိုက်ကူးထားသည့် သရုပ်ဆောင် ဘတ်အွန်းဟီး၊ K-pop အဆိုတော်များဖြစ်ကြသည့် Rejen ၊ Henny နှင့် 7 Kids Doll Group၊ Astel Dance Group နှင့် DJ-Saemi တို့ပါဝင်ကြပြီး ၎င်းတို့အဖွဲ့မှ ငါးဦးပါအဖွဲ့သည် ဧပြီလ ၁၁ ရက်တွင်လည်းကောင်း၊ ၁၉ ဦးပါ ဒုတိယအဖွဲ့သည် ဧပြီလ ၁၄ ရက်တွင် လည်းကောင်း အသီးသီးထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

မြိတ်  ဧပြီ  ၁၀

# မြိတ်မြို့နယ် နန်းတော်ရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက တညက်ကရင်ကျေးရွာအုပ်စု နန်းတော်ရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ဧပြီလ ၁၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက နန်းတော်ရာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီဆောင်ရွက်မှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အရင်းအတိုးငွေများပြန်လည်ပေးဆပ်နိုင်ရေးအလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

မြိတ်မြို့နယ် နန်းတော်ရာကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၈၁ သိန်းကို ထုတ်ချေးထားကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို(ကျေးလက်)**

# ဆန်းစနှစ်ဦး ပျော်ရွှင်မြူး

(တျာချင်း)

❖ ခါနွေတန်ခူး၊ ပုရစ်ဖူးစိမ်းနုဝါ
တာရေသွန်းလောင်း၊ ငြိမ့်ညောင်းမင်္ဂလာ
ပိတောက်ရွှေဝါ၊ ပြည်ရွာကြိုင်သင်း
သပြေရွက်ရေ၊ မေတ္တာဝေ
မြန်ပြည်ဂုဏ်သိန် လင်းသည်နှင့်လေး။

❖ ငုရွှေရည်ဝင်း၊ ပိတောက်မင်းရွှေရည်စံ
ကြည်နူးချမ်းမြ၊ မြန်မာ့တာသင်္ကြန်
ကောင်းမှုဘဝဂ်ညီ၊ ဒိုးသံကမြူး
စတုဒိသာ၊ လှူရေးဖြာ
ဒီပါဇမ္ဗူ ထူးသည်နှင့်လေး။

❖ နိဗ္ဗာန်ရည်စူး၊ နှစ်ဦးတို့ဌာနေ
သီတင်းသီလ၊ ဒါနလှိုင်ဝေဝေ
ကောင်းမှုကိုဖွေ၊ ကျက်သရေတင့်လျှမ်း
အနန္တဂုဏ်အင်၊ ဦးထိပ်တင်
အစဉ်အေးမြ လန်းသည်နှင့်လေး။

❖ ဘေးဘယာမသန်း၊ ရွှင်လန်းပျော်ပြီ
မြန်မာ့ဓလေ့၊ သိမ်မွေ့လှပသည်
မြတ်နိုးချစ်ကြည်၊ ဝေစည်ရှုမဝ
တုနှိုင်းကင်းစင်၊ ရန့်လွှင်
အစဉ်ထည်ဝါ လှသည်နှင့်လေး။

❖ ဆန်းစနှစ်ဦး တန်ခူးအတာ
ထည်ဝါ မွေးလှသည်။
ချမ်းမြသစ်ထူး ပုရစ်ဖူးဝေဆာ
ပြည်ရွာ အေးမြပြီ။ ။

**နေဦးမောင်(ပခုက္ကူ)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှလျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်းဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

နေပြည်တော် မေ ၁၀

# ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ညှိနှိုင်းအစည်းအဝေးနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအသိပညာပေးခြင်းအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတက်ရောက်

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် MSME လုပ်ငန်းရှင်များအား ချေးငွေများအမြန်ဆုံး ထုတ်ချေးပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ထို့ကြောင့် ချေးငွေများ ထုတ်ချေးရာတွင် အကျိုးရှိထိရောက်စေလိုကြောင်း၊ ချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်အောင် အဓိကဆောင်ရွက်လျက်ရှိ၍ လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိသည့် လုပ်ထုံးလုပ်နည်းများဖြစ်ရန်လည်း အရေးကြီးကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများကို မတည်ထားသဖြင့် ချေးငွေများ မပျောက်ပျက်ဘဲ လည်ပတ်စီးဆင်းနေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ချေးငွေထုတ်ချေးပေးရေးနှင့်ပတ်သက်၍ အဖြေတစ်ခုရရှိအောင် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲများမှတစ်ဆင့် MSME ချေးငွေများကို လျှောက်ထားမှု၊ စိစစ်နေမှုနှင့် စိစစ်ပြီးလျှောက်လွှာများအား ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ ပေးပို့ထားမှု၊ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ အကြံပြုချက်များကိုလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME ချေးငွေများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းရှင်များ သိရှိအောင်ထုတ်ပြန်ထားရှိမှု၊ လုပ်ငန်းရှင်များ လွယ်ကူအဆင်ပြေချောမောစွာ ချေးယူနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည့်အချက်များ၊ မတည်ရန်ပုံငွေအား တိုးပွား၍ လည်ပတ်အသုံးပြုနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်များက MSME ချေးငွေများ ထုတ်ချေးပေးရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍လည်းကောင်း ပိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရပြီးကတည်းက ဆန္ဒအလျောက် စစ်မှုထမ်းဆောင်သည့်စနစ် (Voluntary Enlistment)ကိုသာ ကျင့်သုံးခဲ့ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီတွင် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအမြင်နှင့် အတတ်ပညာများသည် ပြည်သူများအားလုံး သိသင့်သိထိုက်ပြီး တတ်မြောက်ရမည့်ပညာရပ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှတို့ ပေါင်းကူးပေးသည့် ပထဝီနိုင်ငံရေးအရ အချက်အချာကျသောနေရာ၊ အင်အားကြီးနိုင်ငံများ၏ အကြားတွင် တည်ရှိနေသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးအသိပညာနှင့် အတတ်ပညာများအား နိုင်ငံသားတိုင်း သိသင့်တတ်သင့်ကြောင်း၊ ယခုပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံသားအားလုံး မဖြစ်မနေတာဝန်ထမ်းဆောင်ရမည့်ပုံစံမဟုတ်ဘဲ လိုအပ်သလောက် အကန့်အသတ်ဖြင့်သာ တာဝန်ထမ်းဆောင်ရမည့်ပုံစံဖြစ်ကြောင်း။

မိမိတို့ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ယာယီရွှေ့ဆိုင်းခွင့်များအပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်၊ ၎င်းတို့၏ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေသည် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးသည့် နိုင်ငံများအတွက် အလွန်အရေးပါသည့် ဥပဒေဖြစ်ကြောင်းများကိုလည်းကောင်း ဆွေးနွေးပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၀

# ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် ၁/၂၀၂၄ သင်တန်းဆင်းပွဲကျင်းပ



ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၄ သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက သင်တန်းတွင် ရုံးလုပ်ငန်းဆိုင်ရာကိစ္စများ၊ ဘတ်ဂျက်နှင့်ငွေစာရင်းဆိုင်ရာ ကိစ္စများ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ကိစ္စများ၊ ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည် ဖော်ဆောင်လျက်ရှိသည့် မဟာဗျူဟာစီမံကိန်းများ၊ ဥပဒေအရာရှိကျင့်ဝတ်များ၊ မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများအကြောင်းကို အတွေ့အကြုံရင့်ကျက်သည့် ဆရာ၊ ဆရာမများကိုယ်တိုင် ပြည့်ပြည့်စုံစုံသင်ကြားပို့ချပေးခဲ့သည့်အပြင် ပြင်ပပညာရှင်များ၊ မှုခင်းရဲတပ်ဖွဲ့နှင့် မှုခင်းဆရာဝန်ကြီးတို့ကို ဖိတ်ခေါ်၍ပို့ချပေးခဲ့ခြင်းတို့ကြောင့် ဥပဒေအရာရှိအဖြစ် နိုင်ငံတော်ကိုယ်စားအမှုလိုက်ပါဆောင်ရွက်မည့်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော အသိပညာဗဟုသုတများပေးလိုက်နိုင်ပါကြောင်း၊ သရုပ်ပြတရားခွင်ကို အမှုလိုက် အတွေ့အကြုံများစွာရှိသော ဥပဒေအရာရှိများက သရုပ်ပြလေ့ကျင့်ပေးခဲ့ပါကြောင်း၊ ယခုသင်တန်းက သင်ကြားပို့ချပေးလိုက်သည့် အသိပညာဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံးလိုက်နာဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ကိုကျေပွန်စွာဆောင်ရွက်နိုင်သော ဥပဒေအရာရှိကောင်းများဖြစ်လာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သင်တန်းက သင်ကြားပို့ချပေးလိုက်သည့်ပညာများကို အခြေခံကာ မိမိတို့ကိုယ်တိုင် စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး ပေးအပ်သည့်တာဝန်ကို တာဝန်ကျရာ ဒေသအသီးသီးတွင် ကျေကျေပွန်ပွန်ထမ်းဆောင်ရင်း ဥပဒေရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ဂုဏ်၊ ဥပဒေအရာရှိဂုဏ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး အလုပ်အကျွေးပြုသွားမည်ဟုယုံကြည်ပါကြောင်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၀

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

နေပြည်တော် မေ ၁၀

## မိုးထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှနေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

နေပြည်တော်   ဧပြီ   ၁၀

# ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ နံနက်ပိုင်းတွင် ဥရောပအာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၁ ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ အဓိကပို့ကုန်များဖြစ်သည့် ချုပ်ပြီးအထည်များ၊ ဖိနပ်၊ အိတ် အစရှိသည့် CMP ထုတ်ကုန်များအပြင် စိုက်ပျိုးရေးထွက်ကုန်များအား ဥရောပအာရှနိုင်ငံများသို့ တိုးမြှင့်တင်ပို့သွားနိုင်ရေး၊ အပြန်အလှန် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုအလားအလာများကိုဖော်ထုတ်ပြီး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်   ဧပြီ   ၁၀

# အမျိုးသားပို့ကုန်မဟာဗျူဟာအစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ ၂/၂၀၂၄ ကြိမ်မြောက် အစည်းအဝေးကျင်းပ



အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ၂/၂၀၂၄ ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရုံးအမှတ်-၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၂ ၌ကျင်းပရာ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌက အမျိုးသားပို့ကုန်မဟာဗျူဟာ ဒုတိယအဆင့်ဖြစ်သော ၂၀၂၀-၂၀၂၅ ကာလအတွက် ကဏ္ဍ ၁၈ ခုကိုထိရောက်စွာ အကောင်အထည်ဖော်ရန် အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီက ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက်ဖွဲ့စည်းထားသည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ကျစ်လျစ်စွာ ပြန်လည်ဖွဲ့စည်းရေး၊ ကဏ္ဍအလိုက်လုပ်ငန်းစီမံချက်များအနက် လက်တွေ့လျင်မြန်စွာ အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းစဉ်များ (Quick Win)ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့ကို ဦးစွာဆောင်ရွက်ထားရှိပြီး အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်မည့်လုပ်ငန်းများက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကို အချိန်တိုအတွင်း အထောက်အကူပြုနိုင်မည့်လုပ်ငန်းများဖြစ်ရန်လည်းလိုအပ်ပါကြောင်း၊ အထောက်အကူပြုကဏ္ဍများ၏ ပံ့ပိုးပေးနိုင်မှုများကလည်း ပို့ကုန်တင်ပို့မှုလွယ်ကူချောမွေ့စေရေးအတွက် လွန်စွာအရေးပါသည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် ဟန်ချက်ညီစွာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီတွဲဖက်အတွင်းရေးမှူး-၁ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက်ကော်မတီများ ပြန်လည်ဖွဲ့စည်းမှုပိုင်းနှင့် လုပ်ငန်းစီမံချက်များ ပြင်ဆင်ရေးဆွဲမှုများကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကဏ္ဍအလိုက်ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကော်မတီများ ပြန်လည်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းစီမံချက်များ ပြင်ဆင်ရေးဆွဲဆောင်ရွက်ထားမှုများ၊ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများရွေးချယ်ထားရှိမှုများကိုရှင်းလင်းတင်ပြကြရာ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)


၁၀-၄-၂၀၂၄

ထူးခြားသည့်နေ့အပူချိန်များ

| | | | |
|---|---|---|---|
| ချောက် | ၄၆ | ဒီဂရီဆဲလ်စီးယက် | |
| မင်းဘူး | ၄၄ | ဒီဂရီဆဲလ်စီးယက် | |
| မကွေး | ၄၄ | ဒီဂရီဆဲလ်စီးယက် | |
| မြင်းမူ | ၄၃ | ဒီဂရီဆဲလ်စီးယက် | |
| မိတ္ထီလာ | ၄၃ | ဒီဂရီဆဲလ်စီးယက် | |
| မြင်းခြံ | ၄၃ | ဒီဂရီဆဲလ်စီးယက် | |


နေပြည်တော်   ဧပြီ   ၁၀

# ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဥရောပအာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် The Eurasian Economic Commission အဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက် စွမ်းအင်ကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံတည်ဆောက်ပြီး ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချရေးဆိုင်ရာကိစ္စများ၊ သဘာဝဓာတ်ငွေ့ရည် LNG တင်သွင်းပြီး ပြည်တွင်းသုံးနှင့် ဒေသတွင်းနိုင်ငံများသို့ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရောင်းချခြင်း ဈေးကွက်ဆိုင်ရာကိစ္စများ၊ အထွက်နှုန်းကျဆင်းနေသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများနှင့် အလားအလာကောင်းများရှိသောရေနံနှင့်သဘာဝဓာတ်ငွေ့မြေများတွင် အထွက်နှုန်းတိုးမြှင့်နိုင်ရန် သုတေသနပြုဆောင်ရွက်ရေးကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများတွင် ရုရှားကုမ္ပဏီများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် ကိစ္စများအပြင် ရပ်ကွက်ကွင်းလောင်စာဖြစ်တည်လာမှုအတွေးအမြင်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ The Eurasian Economic Commission အဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဧပြီ ၁၀

# ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး H.E.Mr.Sergei GLAZEV ၏ဇနီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဥရောပအာရှ စီးပွားရေး ကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေး ဝန်ကြီး H.E.Mr. Sergei GLAZEV ၏ ဇနီးနှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။



ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေး ဝန်ကြီး H.E.Mr. Sergei GLAZEV ၏ဇနီးနှင့် တာဝန်ရှိသူများက ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာစဉ်။

ဥရောပအာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E.Mr.Sergei GLAZEV ၏ဇနီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေး ဝန်ကြီး H.E.Mr. Sergei GLAZEV ၏ဇနီး ကျောက်စာရုံစေတီတော်များရှိ ကျောက်စာချပ်များအား ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမကောလိပ်(ဖောင်ကြီး)နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သမဝါယမကောလိပ်(မန္တလေး)နှင့် သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်းများမှ ဆရာ/ဆရာမများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမကောလိပ်(ဖောင်ကြီး)နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သမဝါယမကောလိပ်(မန္တလေး)နှင့် သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်းများမှ ဆရာ/ဆရာမများက ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာစဉ်။

ဦးစွာ မော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို ရုရှားဘာသာဖြင့် ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် H.E.Mr.Sergei GLAZEV ၏ဇနီးနှင့် တာဝန်ရှိသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမကောလိပ်(ဖောင်ကြီး)နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိသမဝါယမကောလိပ်(မန္တလေး)နှင့်သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများမှ ဆရာ/ဆရာမများ၊ အုပ်ချုပ်သူ(၅)ဦး၊ အဖွဲ့ဝင်(၉၆)ဦး၊ စုစုပေါင်း(၁၀၁)ဦးတို့သည် ဧပြီလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များတည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာ ဆရာ/ဆရာမများက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာ ဆရာ/ဆရာမများမှ ရုပ်ပွားတော်မြတ်ကြီးအောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဆရာ/ဆရာမများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဆရာ/ဆရာမများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီး တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ကျင်းပ



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဂုန်ဆွန်းထန် အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အမှာစကား ပြောကြားပြီး အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် စာအုပ်စာစောင်များကို လက်ခံကြသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၆၅ သိန်းနှင့် စာအုပ်စာစောင် ၂၀၀၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၀၀၅၅၀၀၀ နှင့် စာအုပ်စာစောင် ၂၁၄၈ အုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၂၇၈၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၈၁၂၁၆၁၀၀ နှင့် စာအုပ်စာစောင် ၂၂၃၀၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၂၂၈၁၀၀၀၀ နှင့် စာအုပ်စာစောင် ၆၄၇ အုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၄၂၃ သိန်းနှင့် စာအုပ်စာစောင် ၃၀၀၀၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၃၂၃၉၀၀၀၀ နှင့် စာအုပ်စာစောင် ၃၅၆ အုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၂၀၈၁၀၀၀၀ နှင့် စာအုပ်စာစောင် ၄၀၀၈ အုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ်သိန်း ၃၀၀ နှင့် စာအုပ်စာစောင် ၅၀၀၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်အလှူရှင်များက ငွေကျပ် ၁၁၉ သိန်းနှင့် စာအုပ်စာစောင် ၂၉၇ အုပ်၊

**စာမျက်နှာ ၁၄ သို့** ❐

❐ စာမျက်နှာ ၁၅ မှအဆက်

စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ်ကြောင်း၊ စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုကြောင်း၊ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်ကြောင်း၊ ထိုသို့အသိပညာဗဟုသုတများကြွယ်ဝလာခြင်းဖြင့် ဘဝအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ဖတ်ရှုသိရှိထားသည့် အသိပညာဗဟုသုတများကို လူအများသိရှိစေရေးအတွက် ပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးပေးခြင်းများ ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် အသိပညာနှီးနှောဖလှယ်ဆွေးနွေးလှုပ်ရှားမှုများကို အပတ်စဉ်အလိုက်၊ လစဉ်အလိုက် ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာစကားပုံတွင် "ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်" ဟူ၍ရှိကြောင်း၊ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို မိမိတို့မြင်တွေ့နေကြရပြီး ၎င်းတို့၏ လူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေရေးနှင့် အနာဂတ်တွင်အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင်လည်း ခေတ္တခဏသာဆောင်ရွက်ခြင်းထက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး"** နှင့် **"ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဟူသည့် နိုင်ငံရေးမျှော်မှန်းချက်နှစ်ခုနှင့် **"တိုင်းပြည်သာယာဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"** ဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ပြီး ယင်းရည်မှန်းချက်များ အောင်မြင်စေရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်ရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူပြည်သားများအသိပညာအတတ်ပညာများရရှိစေရေးအတွက် ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ပညာရရှိစေရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ စာအုပ်စာပေများကို သက်သာသည့်ဈေးနှုန်းများဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေးအတွက်လည်းဆောင်ရွက်သွားရန်လိုကြောင်း၊ ကျေးလက်များကို အကျိုးပြုသည့် စာအုပ်များကိုလည်း ထုတ်ဝေသွားကြရန်တိုက်တွန်းလိုကြောင်း။

နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေဖြန့်ချိလျက်ရှိသော်လည်း နိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့ရောက်ရှိမှုအားနည်းမှုနှင့် ဖတ်ရှုသူနည်းပါးမှုတို့ကို တွေ့ရှိရကြောင်း၊ သတင်းစာဟူသည်မှာ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် သတင်းအချက်အလက်များကို အမြန်ဆုံးသိရှိစေရေး ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သဖြင့် နယ်မြို့၊ ကျေးရွာများသို့ အမြန်ဆုံးရောက်ရှိနိုင်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်၌ သတင်းစာများကို အမြန်ဆုံးဖတ်ရှုနိုင်ရေးအတွက် အွန်လိုင်းစာမျက်နှာများ၌လည်း နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သတင်းစာများ၌ပါရှိသည့် သတင်းအချက်အလက်များ၊ ဆောင်းပါးများသည်လည်း ပြည်သူလူထုတို့ကို အမှန်တကယ်အကျိုးပြုနိုင်ရန်လိုပြီး နားလည်သဘောပေါက်လွယ်ကူစေမည့် အသုံးအနှုန်းများ၊ အရေးအသားများကို သုံးနှုန်းကြရန်လိုကြောင်း။


ယနေ့အခမ်းအနားတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များနှင့် အလှူငွေများလှူဒါန်းမှုသည် တန်ဖိုးကြီးမားသည့်လှူဒါန်းမှု၊ မွန်မြတ်သည့် အသိပညာစာပေအလှူဖြစ်သည့်အတွက် အလှူရှင်များအားလုံးကို မိမိအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ စာအုပ်စာပေဟူသည် မည်မျှပင်ဟောင်းနေသည်ဖြစ်စေ မဖတ်ရသေးသူများအတွက် အသစ်ပင်ဖြစ်ပြီး အသိပညာအသစ်များကို ရရှိသွားစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့်စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံတစ်ဝန်း၌ မကြာခဏဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက်များစွာ အကျိုးရှိစေမည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်း၊ မိမိတို့၏နိုင်ငံသားများအားလုံး အသိပညာအတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် စေတနာရှင်ပြည်သူများက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

၎င်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက မြန်မာနိုင်ငံတစ်ဝန်းရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်းတပ်ဖွဲ့ဌာနချုပ်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပြင်ပအလှူရှင်များ၏လှူဒါန်းမှုအနေဖြင့် အလှူငွေကျပ် ၅၆၀၀၈၇၅၀၀ နှင့် သုတရသစာအုပ်စာစောင် ၄၈၃၅၇ အုပ်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပြုလုပ်သည့် အခမ်းအနားများ၌ လှူဒါန်းမှုအနေဖြင့် ငွေကျပ် ၄၂၅၀၇၇၉၅၀ နှင့် သုတရသစာအုပ်စာစောင် ၃၀၈၅၄ အုပ်ဖြစ်ကြောင်းနှင့် စုစုပေါင်းလှူဒါန်းမှုအနေဖြင့် ငွေကျပ် ၉၈၅၁၆၅၄၅၀ နှင့် သုတရသစာအုပ်စာစောင် ၇၉၂၁၁ အုပ်ဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)



မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကိုတွေ့ရစဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် အလှူငွေနှင့်စာအုပ်စာစောင်များ လက်ခံရယူစဉ်။

❐ စာမျက်နှာ ၁၃ မှအဆက်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၈၂၇၄၀၀၀၀ နှင့် စာအုပ်စာစောင် ၄၈၂၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၄၂၄၁၁၅၈၀ နှင့် စာအုပ်စာစောင် ၂၀၃၅ အုပ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၉၁၆၅၀၀၀ နှင့် စာအုပ်စာစောင် ၁၀၆၁၃ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာ တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ပုဂ္ဂလိကပညာရေးဥပဒေကို ၁၂-၅-၂၀၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ပုဂ္ဂလိကကျောင်းများအားလုံးသည် ၎င်းဥပဒေနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးရုံးများရှိ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံသို့ မှတ်ပုံတင်လျှောက်ထားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့်သင်ကြားသောကျောင်းများနှင့် အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသောကျောင်းများ အပါအဝင် ပုဂ္ဂလိကအခြေခံပညာကျောင်းများ၊ ဘာသာစကားသင်ကျောင်းများအပါအဝင် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများနှင့် ပုဂ္ဂလိကနည်းပညာနှင့်သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသည် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များကို ၁၂-၄-၂၀၂၄ ရက်(သောကြာနေ့)မတိုင်မီ ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လျှောက်ထားခြင်းမရှိပါက အဆိုပါပုဂ္ဂလိကကျောင်းများကိုပိတ်သိမ်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့**
**ပညာရေးဝန်ကြီးဌာန**

စာမျက်နှာ ၁၇ မှအဆက်

မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သဖြင့် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်ကြောင်း။

အလုပ်အကိုင်နှင့်ပတ်သက်၍ လယ်ယာသစ်တော သားငါးကဏ္ဍ၊ ဝန်ဆောင်မှုနှင့်အရောင်းအဝယ်ကဏ္ဍ၊ အခြေခံလက်မှုပညာနှင့် ဆက်စပ်လုပ်ငန်းများကဏ္ဍ စသည့် အထွေထွေအခြေခံလုပ်ငန်းများကို နိုင်ငံ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်က လုပ်ဆောင်နေသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သစ်ဝါးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏စီးပွားရေးနှင့် အသိပညာဗဟုသုတကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ ပညာရေးအတွက်အထောက်အကူပြုစေမည့် စာကြည့်တိုက်များတည်ဆောက်ပေးခြင်းသည် အလွယ်ကူဆုံးနည်းလမ်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၇၁ မြို့ရှိသဖြင့် စုစုပေါင်း ၈၀၁ မြို့ရှိကြောင်း၊ ရပ်ကွက်ပေါင်း ၃၄၈၅ ခု၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀ ခု၊ ကျေးရွာပေါင်း ၆၃၂၁၀ ရှိကြောင်း၊ ထိုအထဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းထောက်ပံ့မှုနှင့် ဖွင့်လှစ်ထားသည့်စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့်စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိသည်ဟု သိရကြောင်း၊ နိုင်ငံအတွင်း၌ စာကြည့်တိုက်ပေါင်းများစွာဖွင့်လှစ်ပေးရန် လိုအပ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့်စာကြည့်တိုက်အင်္ဂါရပ်များနှင့်ပြည့်စုံအောင် အဆောက်အဦများနှင့် လိုအပ်သည့်အသုံးအဆောင်များ၊ စာအုပ်များကို ဖြည့်ဆည်းပေးသွားရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ပြီး ကျေးလက်တွင် အဓိကဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများဆောင်ရွက်နေသူများကို အသိပညာများပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင်လည်း စာကြည့်တိုက်များရှိစာအုပ်များသည် ဒေသရှိပညာရေးကို ကြည့်၍ အများနားလည်နိုင်သည့် စာအုပ်များဖြစ်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းနယ်ပယ်များအလိုက် အသိပညာများရရှိနိုင်သည့် စာအုပ်များကို ထားရှိပေးနိုင်ရန်လိုကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည်များ၊ ရေရရှိရေးနှင့် ရေသုံးစွဲမှုနည်းလမ်းများ စသည့်ပညာရပ်များကို သိရှိနားလည်စေရေးဆောင်ရွက်ပေးရန်လိုကြောင်း။

စာမျက်နှာ ၁၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။



မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကိုတွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

# ပြည်သူပြည်သားများ အသိပညာအတတ်ပညာများရရှိစေရေးအတွက် ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ပညာရရှိစေရေး စဉ်းစားဆောင်ရွက်၊ စာအုပ်စာပေများကို သက်သာသည့်ဈေးနှုန်းများဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေးဆောင်ရွက်သွားရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ထို့ကြောင့် စာအုပ်စာစောင်များထပ်မံလှူဒါန်းနိုင်ရေး စီစဉ်ရန်တာဝန်ရှိသူများကို ညွှန်ကြားခဲ့ပြီး ယနေ့ကျင်းပသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

မြန်မာဝေါဟာရ၌ စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်နှင့် ငှားရမ်းရန် စာအုပ်များခင်းကျင်းထားသောနေရာဟု ရေးသားထားသည်ကိုမှတ်သားမိကြောင်း၊ မိမိတို့နိုင်ငံတွင် စာကြည့်တိုက်များ တည်ဆောက်ထားသည်ကိုတွေ့ရှိရပြီး ပကတိအခြေအနေနှင့်ကိုက်ညီသည့် စာကြည့်တိုက်များဖြစ်စေရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်နှင့်အထက်လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိသည်ဟုသိရကြောင်း၊ အဆိုပါလူဦးရေတွင် ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အသက် ၂၅ နှစ်အထက် ၂၅ ဒသမ ၁၆၉ သန်းခန့်တွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း ၉ သိန်းကျော်ရှိကြောင်း၊ မူလတန်းနှင့်မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း ၁၂ ဒသမ ၈၃ သန်းရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ၂၀ ဒသမ ၇၂ ရာခိုင်နှုန်း၊ ၅ ဒသမ ၄၆ သန်းရှိကြောင်း၊ အထက်တန်းအဆင့်ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘွဲ့ရသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်း၊ ၂ ဒသမ ၆၈ သန်းရှိသည်ကို စာရင်းဇယားများအရ သိရကြောင်း၊ ကျောင်းသားအများစုသည်

စာမျက်နှာ ၁၅ သို့

**❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ်၊ စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန် ဆောင်ရွက်ရမည်...**

**❖ လူနေမှုပုံစံပြောင်းလဲတိုးတက်လာစေရေးနှင့် အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်...**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကိုလှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

နေပြည်တော်စာရေးဆရာအသင်းမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်" ဗီဒီယို Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဧပြီလ ၃ ရက်က ယခုခန်းမထဲမှာပင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့များရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်းပွဲကို ကျင်းပခဲ့ကြောင်း၊ ထိုအချိန်၌ ပြည်သူများအားလုံး အသိပညာဗဟုသုတများ တိုးတက်စေရေးအတွက် စာကြည့်တိုက်များတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သည်ကို စဉ်းစားမိခဲ့ကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကိုလှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကိုလှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW April 10

# Ceremony to donate cash and books and periodicals for development of libraries in the whole Myanmar held, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing

A ceremony to donate cash and books and periodicals for development of libraries in the whole Myanmar was held at National Library here this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo and SAC members, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, departmental officials, donors, invited guests, officials of Nay Pyi Taw Libraries Foundation, members of Nay Pyi Taw Book Club, village librarians, and officials of Nay Pyi Taw Writers Association.


Senior General Min Aung Hlaing addresses the ceremony to donate cash, books and periodicals for the development of libraries.


Senior General Min Aung Hlaing views books and periodicals on display.

First, the Senior General and attendees watched a video clip on libraries as educational banks to share knowledge.

In his address, the Senior General said on 3 April, books and periodicals were presented for libraries in the whole country and libraries of military headquarters and battalions and units. At that moment, a thought came into mind to develop libraries for enhancing the public knowledge. Officials were instructed to make arrangements to donate books and periodicals, followed by the successful holding of today's ceremony.

In Myanmar language, a library means a place where books are kept to be read and to study and borrow. The country has libraries, but they should meet the prevailing situation. According to the 2019 interim census, the country has 46.463 million people of age 5 and above. Of them, 8.1 percent have never attended school. Over 900,000 or 3.8 percent of 25.169 million people of age 25 and above have no school education, 49.47 percent or 12.83 million of them have reached primary and post primary levels, 21.72 percent or 5.46 million reached middle school level, 13.3 percent has completed high school education, and 11.4 percent or 2.68 million are graduates. It


Senior General Min Aung Hlaing accepts book donations.

See Page - 19 ●●

●● From Page - 18

has become a national concern as the majority of students leave school after completion of primary education.

As regards occupation, about 80 precent is working in farming, forestry and fish and meat sectors, services and trade sectors, basic handicraft sector and other related businesses. About 70 precent of the population is rural people and the remaining



Senior General Min Aung Hlaing presents certificate of honour.

30 precent are rural dwellers. Rural people are engaged in farming, wood and bamboo related businesses. Socio-economy of rural people must be developed. The country must promote their businesses and knowledge, and the best way is to set up libraries that are helpful for their education.

The country has 330 townships and 471 towns, totaling 801. It has 3,485 wards, 23,910 village-tracts and 63,210 villages. The Information and Public Relations Department of the Ministry of Information has opened 410 public libraries at district and township level, and over 3,500 are run by MLF assistance or under the program of local bodies, people and community. The country needs many more libraries. Libraries must be provided with buildings, accessories and books to have all their characteristics.

The primary business of the State is agriculture and livestock farms being operated in rural areas. Hence, it is necessary to encourage libraries for sharing knowledge with those in the farms. In this regard, books at the libraries must be public readable ones. The books on relevant sectors must be kept at the libraries, for example, the books on topics of agriculture, livestock, MSME industries, supply of water and others.

Library is a institute to disseminate knowledge. It is necessary to organize the people to read and raise reading habit. Individuals need to read books for accumulate knowledge. They have to note down knowledge from the books not just for reading. Reading can accumulate knowledge, benefiting the life. Moreover, readers have to discuss and talk about thing they have read for dissemination of knowledge. Hence, it is necessary to hold seminars in relevant wards and villages weekly or monthly. The Myanmar proverb mentions one morning for water and seven days for food. Likewise, lack of literary knowledge will be difficulties along the life. Due to lack of literary knowledge and weak knowledge, many people face difficulties in daily routine. It is necessary to strive for changing their lifestyle and shaping the wise society in the future. In so doing, it must be a long term plan not a just short term plan.

The government is implementing two political visions: **strengthening the genuine, disciplined multi-party democratic system** and **building the Union based on democratic and federal systems** based on the roadmap and objectives. In so doing, it is a must do for emergence of a well-versed human resources and shaping the knowledgeable society. It is necessary to consider how to share knowledge with the people by spending the least cost. Moreover, books and publications must be published at fair prices as well as the literatures benefiting the rural areas must be published.



Senior General Min Aung Hlaing views books and periodicals on display.

Albeit publishing, State-owned and private newspapers cannot spread across the nation or are weak to reach entire nation. Newspapers aim to inform the people with daily events and information as quickly as possible, and it is necessary to publish newspapers to countryside. At present, newspapers are posted online for enabling readers to read the news and information quickly. Information and articles in the newspapers must actually benefit the people with understandable usage and presentation.

As today's cash and book donations for development of libraries are noble one for sharing knowledge, all book and cash donations are recorded. Although the books are old, these are new ones for those who have not read. If those who are able to donate books hold many times it will benefit the people. So, everybody is requested to do so. The Senior General urged all to strive for improvement of knowledge and socio-economic life of the nation in order to contribute to implementation of the political process and national visions.



Senior General Min Aung Hlaing accepts cash donation.

The Senior General accepted cash and book donations from Union level organizations, ministries and well-wishers and presented certificates of honour.

Chairman of the Union Election Commission U Ko Ko explained cash and book donations for development of libraries.

After the ceremony, the Senior General cordially greeted the attendees and viewed round the books displayed at the ceremony and the e-library and reading room of the National Library.

At the ceremony, Union-level organizations, ministries, regiments and units of Tatmadaw (Army, Navy and Air), departmental organizations and well-wishers donated Ks-560,087,500 and 48,357 copies of fiction and non-fiction books. At the same time, region and state governments hosted donations of Ks-425,077,950 and 30,854 books. So, total donations amounted to Ks-985,165,450 and 79,211 copies of books. **100**



Senior General Min Aung Hlaing accepts cash donation.

ISRAEL

# Three sons of Hamas political office head Haniyeh killed in Israeli strike - reports

An Israeli strike on the Gaza Strip killed three sons and several grandchildren of Ismail Haniyeh, the chairman of the political office of Hamas, Al Jazeera reported on Wednesday.

Ismail Haniyeh, the chairman of the political office of Hamas, said that the death of his sons will not affect the movement's demands for a ceasefire in the Gaza Strip.


"The deaths of my sons will not affect the movement's demands for a ceasefire," Haniyeh said, as quoted by Sky News Arabia.

In November 2023, media reported about the death of Haniyeh's granddaughter.

On March 22, Israeli Prime Minister Benjamin Netanyahu said that he was still determined to enter Rafah as there was no other way to defeat the remaining Hamas forces, adding that he would do that with or without US support.

Many countries and international organizations, including the United States and the United Nations, are opposed to Israel's plans to proceed with the operation in Rafah.

On October 7, 2023, Palestinian movement Hamas launched a large-scale rocket attack against Israel and breached the border, attacking both civilian neighborhoods and military bases. Nearly 1,200 people in Israel were killed and some 240 others abductedduring the attack. Israel launched retaliatory strikes, ordered a complete blockade of Gaza, and started a ground incursion into the Palestinian enclave with the declared goal of eliminating Hamas fighters and rescuing the hostages. Over 33,000 people have been killed so far in the Gaza Strip, according to local authorities. **Sputnik**



Three sons of Hamas political office head Haniyeh killed in Israeli strike.

FRANCE

# France, Spain step up security ahead of champions league matches over ISIS threat




France, Spain step up security ahead of champions league matches over ISIS threat.

France and Spain are reinforcing security measures ahead of quarterfinal matches in the Champions League, Europe's top club competition, held in Paris and Madrid this week, after a threat from the Islamic State terrorist group, the French government and Spanish media said on Tuesday.

Earlier in the day, a media outlet in charge of spreading messages from IS* issued a call for attacking four Champions League's quarterfinal games in London, Paris and Madrid.

"We have seen, among other things, the ISIS statement that they are targeting stadiums in particular ... Obviously, with regard to the Champions League, I have asked our head of intelligence to share the information we have with our partners regarding the match tomorrow in Paris. I have asked the prefect to significantly increase the security forces. There will be special protection for the quarterfinals," French Interior Minister Gerald Darmanin told reporters.

The Spanish Interior Ministry ordered the authorities to reinforce security measures at two Champions League quarterfinals in Madrid on Tuesday and Wednesday, Spanish newspaper El Pais reported, citing the country's interior ministry. Over 2,000 law enforcement officers, mainly from the national police, civil guard and Madrid's municipal police, will be involved, the daily reported.

Heightened security measures have been put in place ahead of the match between Spain's Real Madrid and the United Kingdom's Manchester City outside Santiago Bernabeu Stadium in Madrid amid threats, although police say security would have been top-notch regardless of the measures, a RIA Novosti correspondent reported.

The football matches will take place as scheduled, the Union of European Football Associations told RIA Novosti later in the day. **Sputnik**

THAILAND

# Thai central bank keeps policy rate unchanged at 2.5 pct

Thailand's central bank kept its key interest rate unchanged on Wednesday, extending the pause for the third consecutive meeting despite calls from the government to lower borrowing costs to shore up the economy.

The Bank of Thailand (BOT) monetary policy committee voted 5-2 to maintain the policy rate steady at 2.50 percent, the highest level since October 2013.

"The majority of the committee deems that the current policy interest rate is conducive to safeguarding macro-financial stability and that the effectiveness of monetary policy on resolving structural impediments is limited," the BOT said in a statement.

Two committee members voted to reduce the policy rate by 0.25 percentage points to reflect the kingdom's lowered potential growth due to structural challenges and to partially alleviate borrowers' debt-servicing burden, the BOT said.

Thai Prime Minister Srettha Thavisin has repeatedly called on the central bank to ease monetary policy to boost the economy and alleviate the burden on the people. **Xinhua**

VIETNAM

# Hand-foot mouth disease on rise in Vietnam

Vietnam has reported 10,196 hand-foot-mouth disease cases since early this year, an increase of 2.3 times compared to the same period last year, according to the General Department of Preventive Medicine under the Ministry of Health on Wednesday.

The majority of the cases were reported in the southern region with more than 7,500 cases, said the department.

The disease was reported mostly at kindergartens where 90 percent of children aged under 5 were infected, with no fatalities reported so far, it said.

Hoang Minh Duc, the department's director, said there is currently no vaccine available to prevent the hand-foot-mouth disease. The primary mode of transmission for the disease is through the digestive tract, making preschool educational facilities high-risk environments for infection.

**Xinhua**

CHINA

# China receives over 18 mln reports on illegal online content in March

More than 18.53 million reports of illegal or harmful online content were handled in March, the Cyberspace Administration of China said Wednesday.

The figure is 0.4 percent higher than February and 10.9 percent up year on year, the administration said in a press release.

About 17.09 million reports were handled by major Chinese websites. The central and regional internet regulators dealt with some 1.45 million such reports.

The illegal or harmful online content reported was mostly information related to pornography, gambling, infringement and rumors. **Xinhua**

NAY PYI TAW April 10

# Delegation led by Member of the Board-Minister in charge of Integration and Macroeconomics of Eurasian Economic Commission pays courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by H.E. Mr. Sergei GLAZEV, Member of the Board-Minister in charge of Integration and Macroeconomics of the Eurasian Economic Commission, at the Credential Halls of the SAC Chairman's Office here this afternoon.

Present at the call together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Investment and Foreign Economic Relations Dr Kan Zaw, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Commerce U Tun Ohn, and Union Minister for Hotels and Tourism Dr Thet Thet Khaing. Mr. Sergei GLAZEV was accompanied by delegation members and officials from the office of the Embassy of Russian Federation to Myanmar.

In the meeting, issues related to mutual export of goods and direct payments between Myanmar and the European Asian Economic Commission, technical cooperation regarding agricultural products, tourism sector development and direct flights, the production of petroleum products and the production of mineral resources into high-grade finished products, cooperation in textile industries and cooperation in other fields between Myanmar and the European Asian Economic Commission were discussed.

After the meeting, the Senior General and Mr. Sergei GLAZEV exchanged souvenirs and posed for a documentary photo.

**100**



Senior General Min Aung Hlaing receives H.E. Mr. Sergei GLAZEV, Member of the Board-Minister in charge of Integration and Macroeconomics of the Eurasian Economic Commission.



Senior General Min Aung Hlaing and Mr. Sergei GLAZEV pose for group photo.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ဝါရှင်တန်၊ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု

# ဂျိုးဘိုင်ဒင်က ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ဆွေးနွေး



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါအား ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်၌ ဧပြီလ ၁၀ ရက်တွင် လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆွေးနွေးခဲ့ကြောင်းသိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် အမေရိကန်သို့တရားဝင်အလည်အပတ်ခရီး လာရောက်ခြင်းဖြစ်ပြီး ၎င်း၏ခရီးစဉ်အတွင်း အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံကြား ကာကွယ်ရေးလက်နက်ပစ္စည်းများ ပိုမိုပူးတွဲထုတ်လုပ်မည့် အစီအစဉ်များကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အမေရိကန်နှင့် ဂျပန်တို့သည် လက်ရှိတွင် နှစ်နိုင်ငံကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူညီချက် ၇၀ ခန့်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ယင်းသဘောတူညီချက်များအနက်တွင် ဂျပန်နိုင်ငံအတွင်းရှိ အမေရိကန်စစ်ဌာနချုပ်ဖွဲ့စည်းပုံကို အဆင့်မြှင့်တင်မည့်အစီအစဉ်လည်းပါဝင်သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ဧပြီလ ၁၁ ရက်တွင် အမေရိကန်ကွန်ဂရက်လွှတ်တော်၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ယခုအခါ အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း အမေရိကန်အစိုးရအဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားထားသည်။

*Ref: ST*

မော်စကို၊ စစ်ရေးလေ့ကျင့်မှု

# အမေရိကန်နှင့် မဟာမိတ်များကြားပူးတွဲလုပ်ဆောင်မည့် စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ နေတိုးတပ်ဖွဲ့၏ အင်အားတိုးချဲ့ရန်ဖြစ်ဟု ရုရှားပြော

အမေရိကန်နှင့် ဂျပန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်တို့ကြား ပူးတွဲလုပ်ဆောင်မည့် စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်သည် နေတိုးတပ်ဖွဲ့က ကမ္ဘာ့ဒေသတစ်ဝှမ်းသို့ အင်အားချဲ့ထွင်ရန်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာ ဇာခါရိုဗာက ဧပြီလ ၁၀ ရက်တွင်ပြောသည်။



အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများကြား တောင်တရုတ်ပင်လယ်အတွင်း လုပ်ဆောင်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ရုရှားနိုင်ငံက ပြောကြားနေသည့်ကိစ္စရပ်တစ်ခုဖြစ်သော နေတိုးတပ်ဖွဲ့၏ တစ်ကမ္ဘာလုံးသို့ အင်အားချဲ့ထွင်နေခြင်းဖြစ်ကြောင်း မာရီယာဇာခါရိုဗာက ပုံမှန်ပြုလုပ်မြဲဖြစ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခြင်းဖြစ်သည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း၌ ပထမဆုံးအကြိမ်အဖြစ် ရေတပ်စစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်မည်ဟု အဆိုပါနိုင်ငံများက ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်ပိုင်းက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်း ရေပိုင်နက်အငြင်းပွားမှုများမြင့်တက်လာစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်အတွင်းလုပ်ဆောင်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း ပါဝင်သည့် နိုင်ငံများအနေဖြင့် နိုင်ငံတကာဥပဒေကို ထိန်းသိမ်း၍ လွတ်လပ်စွာရေကြောင်းသွားလာမှုနှင့် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း လေးနိုင်ငံကာကွယ်ရေးဝန်ကြီးများက ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများကြား လုပ်ဆောင်မည့် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုအတွင်း ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလေ့ကျင့်မှုအပါအဝင် အခြားစစ်ရေးလေ့ကျင့်မှုများနှင့် ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။ *Ref: Sputnik*

နယူးယောက်၊ လက်နက်ထောက်ပံ့မှု

# အမေရိကန်က သိမ်းဆည်းရမိထားသည့် ရိုင်ဖယ်များနှင့် စက်သေနတ်များကို ယူကရိန်းသို့ လွှဲပြောင်းပေးအပ်လျက်ရှိ



အမေရိကန်အစိုးရသည် ၎င်းတို့သိမ်းဆည်းရမိထားသည့် ရိုင်ဖယ်များနှင့် စက်သေနတ်များကို ယူကရိန်းသို့ လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ကြေညာထားသည်။

အမေရိကန်ပြည်ထောင်စုသည် AK-47 ချေမှုန်းရေးရိုင်ဖယ်များအပါအဝင် ခဲယမ်းများ၊ ဗုံးပစ်လောင်ချာများနှင့် စနိုက်ပါသေနတ်များကို ယူကရိန်းသို့ ဧပြီလ ၄ ရက်တွင် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ထိုသို့လွှဲပြောင်းပေးအပ်လိုက်သည့် လက်နက်ခဲယမ်းများသည် ယူကရိန်းတပ်ရင်းတစ်ရင်းအား လုံလောက်စွာလက်နက်တပ်ဆင်ပေးနိုင်ကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ၎င်းတို့၏ တွစ်တာစာမျက်နှာ၌ ဧပြီလ ၉ ရက်တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်က သိမ်းဆည်းရမိခဲ့သည့် လက်နက်များသည် ယီမင်နိုင်ငံရှိဟူသီသူပုန်အဖွဲ့ထံသို့ အီရန်နိုင်ငံက ကုလသမဂ္ဂအဖွဲ့၏ တားမြစ်ချက်များကို ချိုးဖောက်၍ ပေးပို့သည့်လက်နက်များဖြစ်ပြီး ယင်းလက်နက်များကို အမေရိကန်ရေတပ်နှင့် မဟာမိတ်တပ်များက ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီရန်က အရှေ့အလယ်ပိုင်းဒေသရှိ လက်နက်ကိုင်တပ်ဖွဲ့များအား လက်နက်ခဲယမ်းများထောက်ပံ့ပေးနေခြင်းသည် နိုင်ငံတကာနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်က ဆက်လက်ပြောကြားထားကြောင်း သိရသည်။

အမေရိကန်အစိုးရသည် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ယူကရိန်းနိုင်ငံသို့ ကဏ္ဍစုံအကူအညီအဖြစ် ဒေါ်လာ ၁၁၃ ဘီလီယံ ထောက်ပံ့ပေးအပ်ထားပြီးဖြစ်ကြောင်းသိရသည်။ *Ref: RT*

မော်စကို၊ သဘာဝဘေး

# ရုရှားနိုင်ငံတွင် ရေကြီးမှုများကြောင့် လူနေအိမ် ၁၃၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ရပြီး လူ ၇၇၀၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရ

ရုရှားနိုင်ငံအတွင်းဖြစ်ပွားနေသည့် ရေကြီးမှုများကြောင့် လူနေအိမ် ၁၃၀၀၀ ကျော်ရေနစ်မြုပ်ခဲ့ရပြီး ဒေသခံပြည်သူ ၇၇၀၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရသောကြောင့် အခြေအနေမှာ စိုးရိမ်ရကြောင်း အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဧပြီလ ၁၀ ရက်တွင်ပြောသည်။

ရေကြီးမှုဒဏ်ကို အများဆုံးခံရသည့်ဒေသမှာ အော်ရန်ဘာ့ဂ်ဒေသဖြစ်ပြီး ယခုအခါ ရေကြီးမှုများသည် ကာဂန်နှင့် ထရူမန်ဒေသများသို့ပျံ့နှံ့လာပြီဖြစ်ရာ စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိလာကြောင်း၊ ရေဘေးသင့်ပြည်သူများအား အစွမ်းကုန်အကူအညီပေးကြရန် ဒီမီထရီပက်စကော့က ဒေသန္တရအစိုးရအဖွဲ့များအား တောင်းဆိုထားသည်။

ကာဂန်ဒေသတွင် ရေကြီးမှုကြောင့် ဒေသခံပြည်သူ ၄၅၀၀ ကျော်ကို အာဏာပိုင်အဖွဲ့က ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းပေးထားကြောင်း အုပ်ချုပ်ရေးမှူး ဗာဒင်ရှမ်ကော့ဗ်ကပြောသည်။ ထို့ပြင် ဒေသတွင်းရှိ တိုဘိုမြစ်ရေသည် ၉ မီတာမှ ၁၁ မီတာ အထိ မြင့်တက်လာနိုင်ကြောင်းနှင့် အဆိုးရွားဆုံးရေကြီးမှုကာလသည် ဧပြီလ ၁၁ ရက်မှ ၁၄ ရက်အတွင်း ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၊ ဗိုလ်ဂါဒေသနှင့် အလယ်ပိုင်းခရိုင်များတွင် နေ့စဉ်မြင့်တက်လာသည့် အပူချိန်ကြောင့် ဆီးနှင်းများအရည်ပျော်ခြင်း၊ မြစ်ရေမျက်နှာပြင် မြင့်တက်လာခြင်းတို့ကြောင့် ရေကြီးမှုများဖြစ်ပေါ်လေ့ရှိကြောင်းသိရသည်။ *Ref: Xinhua*



နေပြည်တော် ဧပြီ ၁၀

# ၂၀၂၄ ခုနှစ် ဧပြီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက်မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၄ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက် ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်အောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

(မိုး/ဇလ)

---

နေပြည်တော် ဧပြီ ၁၀

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧပြီလ ၁၀ ရက်မှ ဧပြီလ ၁၂ ရက်အတွင်း အရှေ့ဘက်မှ ရွေ့လျားလာသောတိမ်တိုက်များကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှုအားကောင်းသောဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

---

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | ထားဝယ် | ၉-၄-၂၀၂၄ | ၄၀.၇ | ၁၀၅.၃ | ၂၂-၄-၂၀၂၀ | ၃၉.၅ | ၁၀၃.၁ | ၇၈ |
| ၂။ | လောင်းလုံး | ၉-၄-၂၀၂၄ | ၃၉.၅ | ၁၀၃.၁ | ၂၄-၄-၁၉၉၂ | ၃၉.၁ | ၁၀၂.၄ | ၄၁ |
| ၃။ | ပင်လောင်း | ၉-၄-၂၀၂၄ | ၃၃.၂ | ၉၁.၈ | ၂၅-၄-၂၀၀၇ | ၃၃.၀ | ၉၁.၄ | ၅၇ |

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈˚ C | / | ၄၂˚ C |
| ရန်ကုန် | ၂၄˚ C | / | ၄၀˚ C |
| မန္တလေး | ၂၅˚ C | / | ၄၂˚ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

---

နေပြည်တော် ဧပြီ ၁၀

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ပုသိမ်မြို့အဝင်၊ ကိုးဆူစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၈ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းအနီး၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၉ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)၊ နှာပေါက်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရုတ်နိုင်ငံထုတ် Rubber Liner (၅၇၄၀)ကီလိုဂရမ်၊ ခရီးဆောင်လက်ဆွဲအိတ်(၁၃၀)လုံးအပါအဝင် ကုန်ပစ္စည်း(၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြစ်ငယ်ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ ဆီသယ်ယာဉ်(၂)စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၁၆၀၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၈၃၂၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Faw Bowser (၁)စီး၊ Dong Feng Tractor Head (၁)စီးနှင့် ဆီသယ်နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၀၁၅၂၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၃၄၈)တန်နှင့် သစ်မာ(၁ ဒသမ ၅၇၇)တန်၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၄၄၆၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၉ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Toyota Dyna (၁)စီး၊ Toyota Kluger (၂)စီး၊ Toyota Landcruiser (၁)စီးနှင့် Nissan AD Van (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီလ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၄၉၉၆၆၆)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၀

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ်၊ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ကျောက်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း အုတ်တွင်းမြို့နယ် တောင်ငူနှင့်သောင်းတိုင်ကုန်းအကြား မိုင်းပေါက်ကွဲ



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ကျောက်ရထားစက်ခေါင်းနှင့်တွဲများလမ်းချော်ကျမှုဖြစ်ပွားစဉ်။

ယနေ့ ပဲခူး-မော်လမြိုင်လမ်းပိုင်း၌ သဲဖြူးကုန်းမှ ကလိခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ်(၆၈၆)အစုန်ကျောက်ရထားသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ဆိပ်ဘူတာမှ နံနက် ၆ နာရီ ၅၇ မိနစ်တွင် ထွက်ခွာပြီး သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၂၅/၉-၁၀ အရောက် ရထားခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၇ နာရီ ၅ မိနစ်အချိန်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင်ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းရှေ့ မိုင်းကာတွဲ၊ စက်ခေါင်းနောက်ကပ်လျက်စက်ခေါင်းမောင်းနားနေတွဲနှင့် ကျောက်တွဲ(၂)တွဲတို့ လမ်းချော်ကျမှုဖြစ်ပွားသည်။

အဆိုပါမိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်အချိန်တွင် ကျိုက်ထိုဘူတာ၌ ခေတ္တရပ်နားခဲ့ရပါသည်။ မြန်မာ့မီးရထားက အဆိုပါရထားဖြင့် လိုက်ပါလာသော ခရီးသည် (၇၄၁)ဦးအား မော်တော်ယာဉ်(၈)စီးဖြင့် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်မှစတင်၍ သထုံဘူတာသို့ ပို့ဆောင်ပေးခဲ့ပါသည်။ ထို့အပြင် မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်အချိန်တွင် သထုံဘူတာသို့ရောက်ရှိခဲ့ရာ ကျိုက်ထိုမှ မော်တော်ယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည်များအားတင်ဆောင်၍ မော်လမြိုင်ဘက်သို့ အမှတ်(၈၁)အဆန်ရထားအဖြစ် ပြန်လည်ထွက်ခွာပို့ဆောင်ပေးခဲ့ပါသည်။

သထုံဘူတာတွင် ရောက်ရှိနေသည့် အမှတ်(၈၂)အစုန်ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်(၂၉၈)ဦးအား ကျိုက်ထိုမှရောက်ရှိလာသည့် မော်တော်ယာဉ်များဖြင့် ကျိုက်ထိုဘူတာသို့ ပို့ဆောင်ပေးပြီး ရန်ကုန်သို့ အမှတ်(၈၂)အစုန်ရထားအဖြစ် ဆက်လက်ပို့ဆောင်ပေးခဲ့ပါသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ ယနေ့ နံနက် ၆ နာရီ ၄၀ မိနစ်အချိန်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တောင်ငူဘူတာနှင့် သောင်းတိုင်ကုန်းဘူတာအကြား စီမံကိန်းလုပ်ငန်းဆောင်ရွက်နေသော ရထားပြေးဆွဲမှုမရှိသည့် အစုန်လမ်းပေါ်၌ မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားပါသည်။ ဖြစ်ပွားရာနေရာသို့ နယ်မြေခံလုံခြုံရေးအဖွဲ့နှင့် တာဝန်ရှိသူများ သွားရောက်ခဲ့ပြီး ရှင်းလင်းမှု ဆောင်ရွက်ရာ နံနက် ၉ နာရီ ၃၀ မိနစ်တွင် ပြီးစီးခဲ့ပါသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁) ရက်နေ့မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း(၁၃၀)ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း (၅၃)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၂)ကြိမ်ကျူးလွန်ခဲ့ကြပြီးဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကိုအဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်းများ၊ တွဲများ၊ ရထားလမ်းများ၊ တံတားများ၊ ကုန်စည်များနှင့် ခရီးသည်များထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေးရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

နေပြည်တော် ဧပြီ ၁၀

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအားဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မနှင်းအိမ်ခြံမြေ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၅)ရပ်ကွက်နေ နှင်းနှင်းခိုင်အား ည ၈ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၁၀

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကိုပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၁ ရက်မှ ၇ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၄၀ ဒသမ ၆၇၇၁)တန်၊ သစ်မာ (၃၆ ဒသမ ၇၄၇၅)တန်၊ အခြား (၇၂ ဒသမ ၇၀၃၇)တန်၊ စုစုပေါင်း (၁၅၀ ဒသမ ၁၂၈၃) တန်၊ ယာဉ်/ယန္တရား (၆)စီး၊ တရားခံ (၁၀) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

# တပေါင်းလ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာ့စာပေယဉ်ကျေးမှုများသည် ဗုဒ္ဓစာပေများနှင့် အနည်းအများ ဆိုသလို တစ်နည်းမဟုတ်တစ်နည်း ဆက်နွှယ်မှုရှိနေပေသည်။

အခါအားလျော်စွာ နံနက်မိုးလင်းတရားတော်နှင့် ပရိတ်ပဋ္ဌာန်း ရွတ်ဖတ်သည်ကို ကြားနာရသောအသံ နံနက်ချိန်ခါ တေးသံသာများကို နားဆင်ရသော အသံများသည် ကြည်နူးရပါ၏။

ထိုအထဲတွင် ရတနသုတ်လာဝနပ္ပဂုမ္ဗေ. . . အစချီ. . . ဂါထာ ပိုဒ်ရောက်သောအခါ ဗုဒ္ဓဘုရားရှင်၏ လောကသဘာဝအလှ အမြင် ရသကိုခံစား၍ သဒ္ဓါကြည်ညိုရပါ၏။

ထိုဂါထာတော်အပိုဒ် မြန်မာပြန်သဘောမှာ နွေဦးတုစတင်ရောက်ပြီး ပထမလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေနေသော တောတန်းတစ်လျှောက်ရှိ သစ်ရိပ်တောင်ရိပ်တို့သည် ခရီးပန်းလာသူ အဖို့ နားခိုလိုက်သောအခါ အေးမြမှုခံစားရသလို သံသရာခရီးပန်းလာ သူများအဖို့လည်း ငါဘုရား၏ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်တို့၏ ဂုဏ်တော်တည်းဟူသော အရိပ်အာဝါသမှ နားနေ ကြည့်ပါက ငြိမ်းချမ်းမှုရှိပါလိမ့်မည်ဟု ဆိုလိုပေသည်။

ဂိမှာန်၊ နွေလတို့၏ ပထမမာသေ၊ ပထမလသည် (ဝါ) တပေါင်း လပြည့်ကျော် (၁)ရက်နေ့မှ တန်ခူးလပြည့်နေ့ ကြားကာလသည်ဟု ဆိုလိုပေသည်။ (ခုဒ္ဒကနိကာယ်-သုတ္တနိပါတ် ရတနသုတ်၊ ဝနပ္ပဂုမ္ဗေ ဂါထာအဖွင့်) တွံတေးဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယလင်္ကာသွားမှာ ရွတ်ဆို၍ အထူးကောင်းလှသည်။ သပြေကန်ဆရာတော် ဦးဝါသေဌ၏ ပရိတ်ကြီးနိဿယတွင် တပေါင်းလအဖွင့်ကို အကျယ်တဝင့်ကြည့်ရှု နိုင်သည်။

ယခင်လများက လရာသီအကြောင်းနှင့် လအလိုက်လင်္ကာစာပေများကို ရေးသားခဲ့ရာတွင် ရှေးစာဆိုကြီးများ၏ရာသီပွဲအမျိုးမျိုးကို ဖော်ပြရာ၌ ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ တေးထပ်၊ သဖြန်၊ ခွန်းထောက်၊ လွမ်းချင်း၊ ပတ်တိုက်၊ လေပြေစသည်ဖြင့် ထွေထွေရောရာ အလင်္ကာများကို ဖော်ပြ ခဲ့ပေသည်။

ယခုတပေါင်းလ စာအလင်္ကာကိုမူ ပျို့ကြီးနှင့်တောလားကြီး စာကြီးပေကြီးဖြင့် ဖော်ပြပါမည်။ အင်းဝခေတ်တွင် ထင်ရှားခဲ့ကြသည့် ပေလေးပင်ရှင်လေးပါးဟု အမည်တွင်သော ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာလောင်းလျာတို့သည် (ခရစ်နှစ်- ၈၄၅ ခုနှစ်တွင်) တောင်တွင်းကြီးမြို့နယ်တွင် လရက်များ မရှေးမနှောင်းပင် မွေးဖွားကြလေသည်။ ပါရမီရှင် လူငယ်လေးဦးစလုံးပင် နတ်နှီးလင်း ဆရာတော်ထံတွင် အခြေပါဒသင်ဦးစက သင်ခဲ့ကြပေသည်။

ဤဆောင်းပါးပါ အကြောင်းအရာတွင်ပါဝင်သော တပေါင်းလ စာအလင်္ကာကို ရှင်ခေမာမှအပ ကျန်စာဆို သုံးဦးလုံးပင်ရေးဖွဲ့ခဲ့ကြပေ သည်။ ရှင်မဟာသီလဝံသက ဗုဒ္ဓုပ္ပတ္တိပျို့တွင် တစ်ခန်းရေးခဲ့သည်။ (လတပေါင်းဆောင်းပါးတွင် အမြွက်မျှဖော်ပြပြီး) ရှင်အုန်းညိုကမူ ဂါထာ ၆၀ ပျို့တစ်ခုလုံးတွင် တပေါင်းလကိုအကြောင်းပြု၍ ရေးဖွဲ့ထား ခြင်းဖြစ်ပေသည်။

ဂါထာ ၆၀ ဟုဆိုသော်လည်း မူရင်းဗုဒ္ဓဝင်အဋ္ဌကထာလာဂါထာ ၆၄ ပုဒ်ကို ဖွဲ့ဆိုခြင်းဖြစ်သည်။ အနည်းငယ်ပိုသည်ကို ပမာဏမပြုဘဲ ဂါထာ ၆၀ ဟုပင် မည်တွင်လေသည်။

စာဆိုသည် ထိုဂါထာများပါအကြောင်းအရာများကို လင်္ကာပိုဒ်ရေ ၈၄-ပိုဒ်ဖြင့် အကျယ်ဖွင့်ဆိုထားလေသည်။ နိဂုံးလင်္ကာ ၉ ပိုဒ်ကို ပေါင်းပါက ၉၃ ပိုဒ်ရှိလေသည်။

ဤပျို့ကို အင်းဝခေတ် ရွှေနန်းကြော့ရှင် ဘုရင်လက်ထက် သက္ကရာဇ်- ၈၇၉ နှစ် ကဆုန်လပြည့် သောကြာနေ့တွင် ရေးသားပြီးစီးသည်ဟု နိဂုံးအရ သိရပေသည်။

အကြောင်းအရာအကျဉ်းမှာ ဘုရားရှင်အား ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူပါမည့်အကြောင်းကို ဖွားဖက်တော် ကာဠုဒါယီက လျှောက်ထားခြင်းဖြစ်လေသည်။ ထိုသို့လျှောက်ထား ချက်များတွင်---

နေပြည်တော်ဌာန သားဗုဒ္ဓကြွစေလိုကြောင်း၊ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ပင့်စေခိုင်းပုံ၊ ဆောင်းနှောင်းနွေကူးတပေါင်းလ သာယာပုံ၊ လယ်ယာအလျှုဖြစ်ပုံ၊ မိဘနှစ်ပါးကျေးဇူးကြီးမားပုံ၊ တောလမ်း ခရီး သစ်သီးပန်းမန်မျိုးစုံ သီးပွင့်နေပုံ၊ သားမျိုးစုံစုဝေး၍ ဟစ်ကြွေးကာ ဘာသာဘာဝရှိနေကြပုံ၊ ငှက်မျိုးစုံပေါင်းစုံ၍ ရောင်စုံကျင်းသည့်

**ထိုဂါထာတော်အပိုဒ် မြန်မာပြန်သဘောမှာ နွေဦးတုစတင်ရောက်ပြီး ပထမလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေနေသော တောတန်းတစ်လျှောက်ရှိ သစ်ရိပ်တောင်ရိပ် တို့သည် ခရီးပန်းလာသူအဖို့ နားခိုလိုက်သော အခါ အေးမြမှုခံစားရသလို သံသရာခရီးပန်းလာ သူများအဖို့လည်း ငါဘုရား၏ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်တို့၏ ဂုဏ်တော်တည်းဟူသော အရိပ်အာဝါသမှ နားနေကြည့်ပါက ငြိမ်းချမ်းမှုရှိပါလိမ့်မည်ဟု ဆိုလိုပေသည်။**

အဆင်းအလှများ တွေ့ရမည့်ပုံ၊ မြစ်ဖျား ချောင်းနား ရေကန်များ သာယာလှပမှုများရှိနေပုံ၊ ဆွေတော်မျိုးတော်များနှင့် လူ၊ နတ်တို့ ကြည်ညိုနိုင်ဖို့အစုံစုံတို့ကို အခန်းလိုက် အခန်းလိုက် ရေးဖွဲ့ထားလေ သည်။

ယနေ့ခေတ် ငှက်သုတေသန(Ornithology)၊ ပန်းသုတေသန (Botany)၊ လိပ်ပြာသုတေသန(Lepidopterology)၊ သားငှက်တိရစ္ဆာန် သုတေသန (Zoopsychology) စသည့်သုတေသနပညာရှင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ ကျော်၊ ၆၀၀ အတွင်းက အမည်နာမ အမျိုးအစားခွဲခြား၍ လေ့လာနိုင်သော အကြောင်းခြင်းရာများ ပြည့်နှက် နေလေသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်လာသော ဆေးအဘိဓာန်ကျမ်းကြီးများတွင် အနောက်တိုင်းနှင့် အိန္ဒိယဝေါဟာရများကို ဖွင့်ဆိုရာ၌ ဤပျို့ပါ ဆေးပင်အမျိုးအစားများနှင့်ညှိနှိုင်း၍ ဖွင့်ဆိုထား သည်ကို တွေ့ရလေသည်။ စာပေသုတေသနပြုသူအဖို့ အထူးလေ့လာ ဖွယ် မှတ်သားဖွယ်ရာများ ပြည့်နှက်နေသည်။

အခန်း-၂ ပါ ဆောင်းနှောင်းနွေကူး တပေါင်းလ သာယာပုံတို့ကို ရေးဖွဲ့ရာ မူလပါဠိ ဂါထာမှာ ၃-ပုဒ်သာဖြစ်ပါ၏။ ယင်းကို ပျို့လင်္ကာပိုဒ်ရေ ၇-ပိုဒ်ဖြင့် ဖွဲ့ထားပါ၏။

ပိုဒ်ရေ(၉) မျှော်ရှုမျှော်ရှုမျိုးတစ်စုတွင် ရာဟုအမိအစချီကာ-

**. . . သွားခါတန်စွ၊ ဤကာလ၊ ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင့်မြူ မထောင်း၊ ညွန်လျှောင်းမချဉ်း၊ လေပြင်းမလာ၊ သည်းစွာထစ်ကြိုး၊ အုံ့မိုုယ်းမစွေ၊ ရေလည်းမကြီး. . .** ဟူ၍ လည်းကောင်း

ပိုဒ်ရေ(၁၂)တွင် ပျော်မှုပျော်မှု မျှော်ကြည့်ရှု၍ ရတုကောင်းစွာ အစချီကာ. . .

**ဤအခါကား၊ သာသည်ညှင်းညှင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ပြည်းသား၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကြုး၊ မင်းလွင်မြူးသား၊ နွေဦးသရက်၊ အခါဖြစ်၍. . .** ဟူ၍လည်းကောင်း

ပိုဒ်ရေ(၁၃)တွင် ပေါ်လုပေါ်လု ညွန့်သက်နုနှင့် ရတုသာဖွေ အစချီ ကာ. . .

**. . . ပင်စည်ဖြူဖြူ၊ ရိပ်စက်ကူး၍၊ ငုံဖူးစီစို့၊ တချို့ကားပွင့်၊ ကင်းနှင့် မည်၊ မီးလျှံသဘွယ်၊ ဝင်းဝင်းကယ်မျှ၊ ပြိုင်လယ်ရဲရဲ၊ အခဲခဲတိ၊ တောထဲ စုံကောင်း၊ ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်၊ ဖူးညောက်လူလူ၊ ထွက်စပြုလျက်၊ ပျံ့ကြဓေ၊ လေးညှင်းသွေးသော်၊ မွှေးမွှေးရဂုံ၊ သင်းနံ့ထုံ သို့. . .** ဟူ၍လည်းကောင်း

အပိုဒ်ရေ(၁၄)တွင် ယော်နုယော်နု ရွက်သစ်ပြုလျက်ရတုအလိုက် အစချီကာ. . .

ခက်ချင်းဆိုက်၍၊ အကိုက်ငုံဖူး၊ ဖြူးရရှူးလျှင်၊ တန်ခူးမပြောင်း၊ တပေါင်း မကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပူချမ်းနှစ်ပါး ×××××

**ခရီးဆက်ပိုင်း၊ လမ်းစဉ်တိုင်းတုံ၊ သစ်ကိုင်းညွန့်လမ်း၊ ဂနိုင်ပန်းဆီ၊ ထက်ဝန်းပြင်မျှ၊ ပွင့်လတ်ကြသော်၊ ရွှင်ပျမြည်ရှုန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဘော်နှော၊ ရဂုံတောဝယ်၊ ဥဩကျေးငှက်၊ ယှဉ်ဘက်မကွာ၊ ဟသ်ာပဲထွေး၊ သံလေးကျူးဆင့်၊ ကြွေးရင့်မည်၊ ခုန်ပျံပြေးသွား၊ တပင်နားလျက်၊ ပင်ဖျားပင်ခြေ၊ ဗွမ်းဗွမ်းထွေလျက်၊ စုံမြေရိပ်ကောင်း၊ ရွှေများပေါင်းသည်၊ ဥဒေါင်းမောရ တွန်ပြီတည်း. . .** ဟူ၍ လည်းကောင်း လမ်းခရီးအဆင့်ဆင့်ကို ရေးဖွဲ့ထားရာ ယနေ့ခေတ်တီဗွီ Discovery အစီအစဉ်တွင် သဘာဝတောတောင်ရေမြေများကို ထက်အောက်ဝန်းကျင် ဒရုန်း(Drone)ဖြင့် ရိုက်ကူးထားသည်ကို ကြည့်နေရသကဲ့သို့ ရသခံစား ရပါ၏။

ဤသည်မှာ ရှင်အုန်းညို၏ဂါထာ ၆၀-ပျို့လာ တပေါင်းလ စာအလင်္ကာ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

တပေါင်းလ စာအလင်္ကာတို့ ဖော်ကျူးသော အခြားဂန္ထဝင်မြောက် စာကြီးပေကြီး တစ်စောင်မှာ ရှင်ဥတ္တမကျော်၏ ဗုဒ္ဓဘုရားရှင် ကပ္ပိလဝတ် နေပြည်တော်သို့ ကြွချီတော်မူခန်း တောလားလင်္ကာကြီး ဖြစ်ပေသည်။

ဤတောလားလင်္ကာကြီးမှာ ၉-ပိုဒ်ရှိသည်။ စက်ဆယ့်နှစ်လီ ဒွါဒသီဝယ် သုံးလီဥတု လက်ဝဲလုသား. . . အစချီလင်္ကာ ၈-ပိုဒ်မှာ ကပ္ပိလဝတ်ပြည် ကြွခန်းဖြစ်၍ ၉-ပိုဒ်မြောက်= မဂ္ဂင် ရှစ်တန်း၊ လမ်းမှန်ခရီး၊ ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍----အစချီသော၊ ၉-ပိုဒ်မြောက်မှာ - အရိမေတ္တယျဘုရားရှင်လက်ထက်၌ ဗောဓိလောင်းလျာအဖြစ် ဗျာဒိတ်ခံရပါလိုကြောင်း---

“ငါလိုလည်းကောင်း၊ ဗောဓိလောင်းဟု၊ ညွတ်ညောင်းတံဆိပ်၊ နုတ်ဗျာဒိတ်ဖြင့်၊ ခပ်နိုပ်သေချာ၊ နုတ်ဩဘာသည်၊ မြဲစွာဖြစ်လိမ့် **လ** မှန်တည်း”

ဟု ဥဒါန်းနိမိတ် အကြောင်းဟိတ်ဖြင့် ရေးထားသော ဆုတောင်းလင်္ကာ ဖြစ်ပေသည်။ တောလားကြီး အစကို---

**စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်- သုံးလီရတု၊ လက်ဝဲလုသား၊ ရတုသာစွ၊ လမဏ္ဍလျှင်၊ သဘင်ဂိန်မှာန်၊ တာသကြိန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဏှဂူနတ်၊ ဖန်ရဟတ်လည်း၊ သဟဿရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိပ်လျက်၊ ပြင်းရှိန်အဏ္ဍ၊ ဂုဏ်စွမ်းပြသော်- ----**ဟု အစချီရေးဖွဲ့ထားရာ အရပ်စကားဖြင့်ပြောရပါက ၁၂ လရာသီရှိ ဥတုသုံးပါးတွင် တပေါင်း၊ တန်ခူး ရတု သကြိန်ပြောင်းသော အခါသမယ တွင်ဟုဆိုလိုပေသည်။

သို့သော် **ဥတု၊ ရတု၊ လက်ဝဲလု၊ လမဏ္ဍ၊ သဘင်ဂိမှာန်၊ အတာ၊ သကြိန်၊ ဥဏှဂူနတ်၊ ဖန်ရဟတ်၊ ရောင်ခြည်ထောင်. . .** စသည်တို့မှာ ဗေဒင်ပညာရပ် ရာသီစက်နက္ခတ်နယ်ပယ်ကို အကျွမ်းတဝင်ရှိပါမှ(သို့) မြန်မာစာပေ၊ မြန်မာမှုများကို အထူးပြုလေ့လာသူများသာ သိနိုင်သော ဝေါဟာရအသုံးအနှုန်းဖြစ်ပေသည်။ ထိုသို့ နွေဦးတုရောက်သောအခါ ရော်ရွက်ဝါတို့ ကြွေကျ ရွက်သစ် ပုရစ်ဖူး မြစိမ်းရောင်များ ဖူးပွင့်စေသည် ပွင့်လေပြီကို---

**. . . လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံး လင်းသား၊ သီးကင်းနုစ၊ အချို့ကမူ. . .** ဟု ကာရန်နဘော၊ ဂုဏ်ရသ၊ စာအလင်္ကာများနှင့် ခြယ်မှုန်းထားရာ ရှေးအခါက စာပေနှင့် အကျွမ်းတဝင် မရှိသည့်တိုင် အများအားဖြင့် သိရှိခံစားနိုင်ကြပါ၏။ ဤတောလား လင်္ကာကြီးကဲ့သို့သော စာအလင်္ကာများမှ မြစ်ဖျားခံသော အတက် အထွက်များသည် မြန်မာ့ဂီတ ရသ စာပေများတွင် ထင်ဟပ်ကျန်ရစ်ခဲ့ပေ သည်။

သီချင်းကြီး သီချင်းခန့်များတွင် မြမြမောင်းမောင်းပတ်ပျိုး၊ မြဝတီ မင်းကြီး ဦးစရေးပြီး ရဝိန်ဒေါင်းယာဉ်ပျံ့ပတ်ပျိုး၊ မန္တလေး ဦးဘသိန်းရေး၍ အဆိုတော် ကိုအံ့ကြီး မိန်ရာသီသီချင်း၊ ဂီတနတ်သံ ကိုစောငြိမ်း ရေးဖွဲ့၍ အဆိုတော် မောင်မောင်ညွန့်သီဆိုသော ဝသန်ခါဦးသီချင်း၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရေး၍ ရေနံ့သာစိုးလှိုင်သီဆိုသော ကမ္ဘာ ကုန်ကျယ်သရွေ့ စသည် စသည့် သီချင်းများပါ သံစဉ်တေးသွား ကာရန် များသည် ဤတပေါင်းလဘွဲ့ စာအလင်္ကာများ၏ အဖူးအပွင့်များပင် ဖြစ်ပေသည်။

**စာမျက်နှာ ၂၆ သို့ ♦**

♦ စာမျက်နှာ ၂၅ မှအဆက်

စာဆိုရှင်ဥတ္တမကျော်၏ တောလားကြီးလင်္ကာမှာ စာဆိုရှင်အုန်းညို၏ ဂါထာ ၆၀ ပျို့ကဲ့သို့ တပေါင်းလ ကာလတစ်ခုတည်းကိုသာ ရေးခြင်း မဟုတ်ဘဲ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် စသည့် တစ်နှစ်တာကာလ ၁၂ လ ရာသီစက်များသို့ နေသွားလများကို တာရာနက္ခတ် စန်းယှဉ် လပြည့်သဘာဝတရားကို ရေးသားပြီးမှ တပေါင်းလ ခါရာသီမှာ အဆုံးသတ်ထားပြီး မည်သို့မည်ပုံသာယာပြန့်ပြူးသည် ကောင်းလှသည် စသည့်အကြောင်းအရာကို ရေးဖွဲ့ထားခြင်းဖြစ်ပေသည်။

**. . . မင်းလွင်လိုကို၊ စုံတခိုဝယ်၊ လေချိုဝန်းလု၊ လွမ်းရတုဦ၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊ ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ ဗျိုင်းတာရာတို့၊ မြိုင်မှာမြိုင်လျောက်၊ ရွှေပိတောက်လည်း၊ ဖူးညှောက်ပွင့်ချိန်၊ သီတာသိပ်ဝယ်၊ သောင်တိမ်ငွေဥ၊ သဲဗွေနုနှင့်၊ ဝတ်စုညွန့်ချီ၊ သရဖီမူ၊ ကြိုင်ဆီလှိုင်သက်၊ ရေဖက်ဆွတ်နှင့်၊ ချွေလွှတ်စောစွာ၊ သည်ချိန်ခါကို၊ သောတပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ ခိုးမြူမှော်ခဲ့. . .॥**

ဟု ရေးဖွဲ့ထားရာ တပေါင်းလ၏ လွမ်းမောဖွယ်ရာ သဘာဝပတ်ဝန်းကျင်ကြီးသည် စိတ်တည်ရင့်ကျက်မှုရှိပါပေသည်ဆိုသော သောတာပန်များပင်တွင် စိတ်ကယောက်ကယက် ဖြစ်နိုင်သည်ဟု ရေးစပ်ထားလေသည်။ စာဆိုရေးဖွဲ့သော တောလား ၉ ပိုဒ်ကို ဖတ်ရှုရသောအခါ ရသာစုံစားပွဲကြီးကို ဂီတကပွဲနှင့်တကွ ကြည့်ရှုခံစားစားသောက်ရသကဲ့သို့ ရှိလှသည်ဟု ဥပမာတင်ချင်ပါသည်။ ထို့ထက်ထူးခြားသည်မှာ ဤတောလားကြီး၏ အချပိုဒ်များဖြစ်ပေသည်။ ဤ အချပိုဒ် ၉ ပိုဒ်ကို ဖြုန်းစားကြီးဖတ်ရှုတ်ကြည့်လျှင် ဂမ္ဘီရသင့်သည်ဟု ထင်ဖွယ်ရာဖြစ်သည်။

ဤတောလား စာအလင်္ကာသည် အမှန်တော့ ဘုရားရှိခိုးပင်ဖြစ်သည်။ (ပညာရှင်များ ယခင်သုံးသပ်ချက်ရှိပြီး) အချပိုဒ်များတွင် **လ** အသုံးသည် ထူးခြားလှပေသည်။

ထို့ကြောင့်လည်း နာမည်ကြီးလှ၏။ အငြင်းပွားဖွယ်ရာဖြစ်ရ၏။ မြန်မာစာပေအရေးအသား၌ အချို့သောဝါကျစာပိုဒ်တို့တွင် **“လ”** အသုံးအနှုန်းသည် အကြောင်းအရာရေးဖွဲ့မှုကိုလိုက်၍ ပါစမြဲဖြစ်သည်။

ပရိတ်ကြီး မေတ္တာပို့ပဋ္ဌာန်းစာပေတို့တွင် ရှေ့နှင့်နောက် တူရာရာတွင် အသေးစိတ်မဖော်ပြတော့ဘဲ ကြားတွင် **“လ”** ခံ၍ ရေးသည်များကို တွေ့ဖူးကြမြဲဖြစ်သည်။ ထိုသို့သော **“လ”** ကို **“ပေယျာလ”** ကြပ်သည်။ ခံသည်။ ထိုးသည်ဟုခေါ်ပေသည်။ “ပေယျာလကံ ဝကွက်ချန်” စကားပုံပင်ရှိပေသည်။ ထိုကဲ့သို့ **“လ”** ကလည်း တစ်မျိုးပေ။

“အကြံခက်ပါသနော် သန်လျက်တော် ခိုးတဲ့သူကို လ” ဟူသော ဝိုချင်းတွင်ဆိုသော **“လ”** မျိုးလည်း ရှိပေသည်။

ရှင်မဟာရဋ္ဌသာရ စာဆိုတော်အကျော် ဆရာတော်၏ကိုးခန်းပျို့ ပိုဒ်ရေ ၄၁ တွင်-

အိုမင်းမစွမ်းဖြစ်ကာမှ ရသေ့ရဟန်းလုပ်သူနှင့် ငယ်စဉ်ပျိုမျစ်နုနယ် အရွယ်ငယ်က လုပ်ဆောင်ချက်သည် ကွာခြားမှုရှိကြောင်း နှိုင်းယှဉ်ပြသော အပိုဒ်တွင်-

**. . . လူစွမ်းသဘွယ်၊ ပျိုနုနယ်က၊ စင်ကြယ်သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်းလေငြား၊ ထိုသူ့အားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှကြည်ညို၊ ချီးမွမ်းဆို၏။ ထိုကိုစာနာ၊ ငယ်သောခါက၊ သဒ္ဓါနိုးပင့်၊ တရားကျင့်လိမ့်၊ သက်ရင့်မကြီး၊ လ မီတည်း. . .॥** ဟု ရေးသားထားချက်တွင် **“လ”** အသုံးတို့သည် ကွာခြားပါ၏။ ဤကဲ့သို့ **“လ”** အသုံးသည် အခြားပျို့ကဗျာလင်္ကာများတွင်လည်းရှိပါ၏။

ရှင်ဥတ္တမကျော်၏ တောလား ၉ ပုဒ်ပါ အချပိုဒ် ၉-ပိုဒ်တွင်ပါသော **“လ”** သည် ရှေးကဖော်ပြခဲ့သော အကြောင်းအရာများကို စုစည်းသောငင်သော **“လ”** အက္ခရာဖြစ်ပေသည်။ ပါဠိသဒ္ဒါသုံးဝေါဟာရနှင့်ပြောရပါက **သမ္ပုစ္စည်း**ဟုခေါ်လေသည်။ သာဓကအနေနှင့် -

“ဘီလူးသွားကို **လ** ဖြဲတည်း” ဆိုသော အပိုဒ်တွင် ဒေါသစရိုက်ကြီးသည့် ဘီလူးအပါအဝင် ကုဝေရ ယက္ခ တာနော ကုမ္ဘဏ္ဍစသည့် နတ်ဘီလူးများသည် ဘုရားရှင်ကိုဖူးမြင်ရ၍ ဝမ်းမြောက်ဝမ်းသာရှိကြပုံကို တစ်ဦးတစ်ယောက်မျှသာမက အထက်ပါ နတ်ဒေဝတာ ဘီလူးများသည်လည်း ထိုကဲ့သို့ပင် ပြုံးရွှင်ကြည်နူးရှိကြပါကုန်၏ဟု ဆိုလိုခြင်းဖြစ်ပေသည်။

“ထို့အတူ မုဆိုးချုံက **လ**ချောင်းတည်း”ဆိုရာတွင်လည်း ဘုရားရှင်ကြွလာသောအခါ ငှက်ခပ်သမား သားငါးရှာ တံငါမုဆိုးဒုစရိုက်မျိုးဖြင့် သက်မွေးကြကုန်သော သူတို့သည်လည်း ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကြောင့် ကြည်ညိုစိတ်ဖြင့် လေး မြား စသည်တို့ မမြင်ကွယ်ရာတွင် ဝှက်၍ ရှက်ကြောက်ရွံ့ပြီး ပုန်းလျှိုးကွယ်လျှိုးသဒ္ဓါလှူလှူ ပူဇော်မှုဖြင့် ထောကုတောင်ရိုး ခင်တန်းကုန်း ချုံကြားများမှချောင်း၍ ရှိခိုးကြည်ညိုကြပုံကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။ မုဆိုးငှက်ခပ်သမားတို့သာမက အခြားသူများလည်း ထိုသို့ပင် ချောင်း၍ ချောင်း၍ ကြည်ညိုကြပုံကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ထို့ကြောင့် **“လ”** သည် မုဆိုးချုံက ချောင်းချောင်းတည်းဟူသော ထပ်ဆင့်ဆိုရန်ကို ညွှန်းသည်ဟု ဆိုရာ၏။ ထိုသို့ပင် အခြားအကြောင်းအရာအပိုဒ်များကိုလည်း ဤသို့ပင်ရှုတ်ဖတ်ရာ၏။ (နောင်အကျယ် ဖော်ပြပါမည်)

မြန်မာစာ မြန်မာမှုကား ကျယ်ပြန့်ပါ၏။ ဂုဏ်ရသအလင်္ကာများဖြင့် ထုံမွမ်းသော ဤတောလားကြီး ၉-ပုဒ်အချကို ဖော်ပြပါမည်။ စာကြည့်ရှုသူများ ပဟေဠိ၊ အာမေဋိတ်၊ ကိလိဋ္ဌဖြင့် ဤစာ၏မူရင်းစာပိုဒ်များကို ရှာဖွေဖတ်ရှုမှု ပြုနိုင်ကြပါစေ. . . မြန်မာစာ မြန်မာမှုများ၏လေးနက်မှုများကို မြတ်နိုးနိုင်ကြပါစေ တပေါင်းလ စာအလင်္ကာများကို နိဂုံးချုပ်အပ်ပါသည်။ ॥

အချပိုဒ် ၉ ပိုဒ် -

(၁) စက်ဆယ်နှစ်လီ၊ ဒွါဒသီဝယ်. . . အစချီ. . .
**သီးမျိုးခိုင်ညွှာ လပွတ်တည်း. . .॥ ॥**

(၂) စကြာဝဠာ၊ အာဏာဇာတိ. . . အစချီ. . .
**ဘီလူးသွားကို လဖြဲတည်း. . .॥ ॥**

(၃) ဝဿန်ဟေမ၊ ဂိမှအပြင်. . . အစချီ. . .
**တောကြက်တောင်ပ လဖြန့်တည်း. . .॥ ॥**

(၄) တထာကတ၊ နှိုင်းဆမမြော်. . . အစချီ. . .
**မုဆိုးချုံက လချောင်းတည်း. . .॥ ॥**

(၅) အနုတ္တရ၊ တိလောကဟု. . . အစချီ. . .
**မိုးမှာရွှေကြယ် လဥတည်း. . .॥ ॥**

(၆) မြသယမ္ဘူ ထွက်မှန်ကူလည်း. . . အစချီ. . .
**ရွှေဖောင်မြစ်ညာ လဆန်တည်း. . .॥ ॥**

(၇) မဟာသကျ၊ မုနိန္ဒဟု. . . အစချီ. . .
**တရားဓားသို့ လထက်တည်း. . .॥ ॥**

(၈) ဗျာဒိတ်သြဘာ၊ မင်္ဂလာဖြင့်. . . အစချီ. . .
**ပြုစုပျိုးထောင် လမွေးတည်း. . .॥ ॥**

(၉) နှောင်းဖြစ်အလာ၊ မိတေယျာလျင်. . . . အစချီ. . .
**မြဲစွာဖြစ်လိမ့် လမှန်တည်း. . .॥ ॥**

ကြံခင်း၊ သာသနာရေး

# အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် စူဠဘွဲ့နှင်းသဘင်ဆက်ကပ်ပူဇော်ပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့တွင် အစိုးရပါဠိပထမပြန်စာမေးပွဲနှင့်စူဠဘွဲ့နှင်းသဘင်ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ဧပြီလ ၉ ရက် ညနေပိုင်းတွင် ကြံခင်းမြို့ ရွှေညောင်ပင်ကျောင်းတိုက် ပညာဆီမီးဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်စေတနာရှင်အလှူ့ဒါယကာ၊ ဒါယိကာမများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မြို့နယ်သံဃာ့မဟာနာယကဥက္ကဋ္ဌ ရွှေညောင်ပင် ကျောင်းတိုက်ဆရာတော် ဦးဝါယမထံမှ ငြေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းတန်က သာသနာရေးဆိုင်ရာကိစ္စရပ်များအား လျှောက်ထားပြီး အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ကြီးကြပ်ခဲ့သည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် စာအောင်သံဃာတော် ပထမလတ်တန်း တစ်ပါး၊ ပထမငယ်တန်း ၁၀ ပါး၊ အခြေပြုမူလတန်း ကိုးပါးအား အောင်လက်မှတ်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မြို့နယ်သံဃာ့မဟာနာယကဥက္ကဋ္ဌ ရွှေညောင်ပင်ကျောင်းတိုက်ဆရာတော်က တရားတော်များဟောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၁၀-၄-၂၀၂၄

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဧစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၆၀၀ | ၂၆၀၀ | ၁၅၀၀၀-၁၅၂၀၀ | ၃၀၀၀ | ၁၂၀၀၀-၁၂၈၀၀ | ၃၂၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၀၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၈၀၀-၄၃၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀၀-၃၅၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၁၀၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |
